# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၁၇)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

လောကဝဂ်(ဓမ္မပဒ–၁၈၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၆**

(၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရုရှားတပ်မတော်မျိုးချစ်ပန်းခြံတွင် ဩဂုတ် ၁၅ ရက်က ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်သည်။

ညီလာခံကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပပြုလုပ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က Video Message ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ မှ ၂ နာရီအထိ "အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်ရှိ လုံခြုံရေးဆိုင်ရာ စစ်ဘက်အမြင်များ" ခေါင်းစဉ်ဖြင့် မျက်နှာစုံညီ အစည်းအဝေး အစီအစဉ် ပထမပိုင်းကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ မှ ၄ နာရီ မိနစ် ၅၀ အထိ "အာရှ–ပစိဖိတ် ဒေသတွင်းလုံခြုံရေး" ခေါင်းစဉ်ဖြင့် အစည်းအဝေး ဒုတိယပိုင်းကိုလည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၂၀ မှ ၇ နာရီအထိ "စစ်ဘက်ဆိုင်ရာဌာနများ၏ အပြန်အလှန်ဆက်ဆံရေး–အခြေအနေများနှင့် မျှော်မှန်းချက်များ" ခေါင်းစဉ်ဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❊



(၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်စဉ်။

မြန်မာ့အလင်း

## အာရှ-ပစိဖိတ် တည်ငြိမ်အေးချမ်းရေးနှင့် အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှု

(၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS–2023) ကို ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ဩဂုတ် ၁၅ ရက်က ကျင်းပရာ မြန်မာအပါအဝင် နိုင်ငံပေါင်း ၇၆ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ခြောက်ခုတို့မှ ကိုယ်စားလှယ်ပေါင်း ၈၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေး အစီအစဉ်သုံးရပ်၏ ဒုတိယပိုင်းတွင် “အာရှ–ပစိဖိတ်ဒေသတွင်း လုံခြုံရေး” ခေါင်းစဉ်ဖြင့် အစည်းအဝေးပါရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “အာရှ–ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသော အာဆီယံအဖွဲ့၏စည်းလုံးညီညွတ်မှု”နှင့် ပတ်သက်ပြီး သုံးသပ်ဆွေးနွေးသည့် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်ခဲ့သည်။

၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက အာရှ–ပစိဖိတ်ဒေသသည် ဖွံ့ဖြိုးဆဲနိုင်ငံအများစုပါဝင်သည့် တတိယကမ္ဘာ့နိုင်ငံ အစုအဝေးတစ်ခုအဖြစ်သာ တည်ရှိခဲ့ရာမှ ၂၁ ရာစုအဝင်ကာလတွင် စီးပွားရေးအောင်မြင်ဖြစ်ထွန်းမှုများနှင့်အတူ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း အမြန်ဆုံးဒေသဖြစ်လာပြီး အာရှအင်အားကြီးနိုင်ငံများလည်း ပေါ်ထွန်းလာခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဝါရင့်သံတမန်ကြီး ဟင်နရီကစ်ဆင်ဂျားက နိုင်ငံတကာဆက်ဆံရေး၏ ဗဟိုဆွဲအား (Center of Gravity) အတ္တလန္တိတ်မှ ပစိဖိတ်သို့ ပြောင်းရွှေ့သွားပြီဟုဆိုခဲ့ရာ အစဉ်အလာအားဖြင့် ကမ္ဘာ့နိုင်ငံရေး၏ အချက်အချာအဖြစ် ရပ်တည်ခဲ့သော အနောက်အုပ်စုဝင်နိုင်ငံများအဖို့ ထိတ်လန့်တုန်လှုပ်ဖွယ်ဖြစ်ခဲ့ပြီး တစ်ချိန်က ၎င်းတို့အသာစီးဖြင့် ရပ်တည်ခဲ့သည့် အနေအထားနှင့် ၎င်းတို့၏ အာရှ–ပစိဖိတ်ဒေသဆိုင်ရာ အကျိုးစီးပွားတို့အတွက် ကာကွယ်ရန် ကြိုးပမ်းမှုများ ပြုလုပ်လာကြသည်။

မြန်မာအပါအဝင် အာဆီယံနိုင်ငံများတည်ရှိရာ အရှေ့တောင်အာရှဒေသသည် အာရှ–ပစိဖိတ်ရပ်ဝန်းတွင် အချက်အချာကျသောနေရာ၌ တည်ရှိနေရာ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများမှ ဖြစ်ပေါ်လာသော ရိုက်ခတ်မှုများကို ကြုံတွေ့နေကြရသည်။ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဖွဲ့အတွင်း ဩဇာလွှမ်းမိုးနိုင်ရန် ကြိုးပမ်းမှုများကို တွေ့ရှိရပြီး သပ်လျှိုသွေးခွဲမှုပြုလုပ်သည့် အရိပ်လက္ခဏာတို့ကိုလည်း တွေ့ရှိရသည်။ နိုင်ငံရေးစနစ်၊ အုပ်ချုပ်သည့်အစိုးရပုံစံ၊ ကိုးကွယ်သည့်ဘာသာတရား စသည်ဖြင့် ကွဲပြားခြားနားကြသော ဒေသတွင်းနိုင်ငံများကို စုစည်းထားသည့် အာဆီယံ၏ အရေးပါသော အခြေခံမူဖြစ်သည့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးမူကို ကျော်လွန်လုပ်ဆောင်ရန် ဖိအားပေးမှုမျိုးက အာဆီယံ၏ စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည်။

“အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ–ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် အနာဂတ်တွင် အာရှ–ပစိဖိတ်ဒေသတွင်း နက်နဲရှုပ်ထွေးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ကာ ကျော်လွှားတုံ့ပြန်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား အငြင်းပွားမှုများနှင့် ပြဿနာများအားငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာသွားရမည်ဖြစ်ပြီး ရရှိလာသောအခွင့်အလမ်းများကို အမိအရ အသုံးချ၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း” (၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS–2023) သို့ ပေးပို့သည့် နိုင်ငံတော်အကြီးအကဲ၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားထားသည်။

ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်နေထိုင်ပြီး ကမ္ဘာ့စီးပွားရေးနှင့် ကုန်သွယ်ရေးတို့၏ အချက်အချာရပ်ဝန်းအဖြစ် အရှိန်အဟုန်နှင့် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ပေါ်လာနေသည့် အာရှ–ပဖိစိတ်ဒေသ၏ တည်ငြိမ်အေးချမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရေးပါသကဲ့သို့ပင် အာရှ–ပစိဖိတ်ဒေသတွင် အချက်အချာနေရာတွင်ရှိနေသည့် အာဆီယံအဖွဲ့၏စည်းလုံးညီညွတ်မှုကလည်း အာရှ – ပစိဖိတ်တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသည်။ အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို စိန်ခေါ်နေသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒေသပြင်ပမှ အင်အားကြီးတို့၏ ပါဝင်စွက်ဖက်မှုများကို စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားတုံ့ပြန်ကြရပါမည့် အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်တင်ရှိန်<br>ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးအောင်ကျော်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ မိုး/ဇလ

## စိုက်ပျိုးရေးလုပ်ငန်းများမှ စားသောက်ကုန်သစ်များ ထုတ်လုပ်နိုင်ရေး နည်းပညာများဖြန့်ဝေပေး




နေပြည်တော် ဩဂုတ် ၁၆

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၀) ဖြင့် ဆောင်ရွက်သော MSME စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များထံ နည်းပညာများဖြန့်ဝေရေး အစီအစဉ် (၁) သင်တန်းများကို ယနေ့တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ ဆက်လက် ပို့ချဆောင်ရွက်သည်။

**ထုတ်ကုန်သစ်များ ထုတ်လုပ်နိုင်**

ပြည်တွင်း MSME များက အာဆီယံ ထုတ်ကုန်များအတိုင်း ထုတ်လုပ်နိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီနည်းပညာများ အသုံးချ၍ အရည်အသွေးမြင့်မားပြီး စံချိန်စံညွှန်းပြည့်မီသော ထုတ်ကုန်သစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ မဲခေါင် – လန်ချန်း နိုင်ငံအချင်းချင်း နည်းပညာဖလှယ်၍ရရှိထားသော စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသစ်ခြောက်မျိုးကို အထက်မြန်မာပြည်ရှိ MSME လုပ်ငန်းရှင် ၁၀၀ ထံ ပြန်လည်ဖြန့်ဝေပေးသည်။

**နည်းပညာများ အသုံးချရန်**

အစီအစဉ် (၁) ပြီးမြောက်ခြင်း အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကို အောင်မြင်အောင် ဆောင်ရွက်ရန် နိုင်ငံတော်ရှိ ပေါကြွယ်ဝလျက်ရှိသည့် ရေ၊ မြေ ရင်းမြစ်များမှ စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်များကို အကျိုးရှိစွာ ထုတ်ယူ၍ ပြည်တွင်းလိုအပ်သည့် စားသောက်ကုန်များ ထုတ်လုပ်ရုံမျှမက နိုင်ငံတကာဈေးကွက်၌ ထိုးဖောက်နေရာယူနိုင်သည်အထိ တန်ဖိုးမြှင့် Quality Product များ ဖြစ်ရေးအတွက် စံနှုန်းများနှင့်အညီ Market Competency ရှိစွာ ပို့ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးမှသည် နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် အထောက်အကူပြုနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန်၊ ယင်းသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများမှ သမားရိုးကျ ထုတ်ကုန်များသာမက ထုတ်ကုန်သစ်များကိုပါ ဆန်းသစ်သည့် နည်းပညာများကို အသုံးချ ထုတ်လုပ်နိုင်ရန်အတွက် ယခုဖြန့်ဝေပေးခြင်း ဖြစ်ကြောင်း၊ သင်ယူခဲ့သည့် နည်းပညာသစ်များကို နေရပ်ပြန်ရောက်သည့်အခါ ဆင့်ပွားဖြန့်ဝေပေးကြရန်၊ ရင်းနှီးမြှုပ်နှံမှုများကို အခြေခံ၍ လုပ်ငန်းရှင်များ ကွန်ရက်သဖွယ် ချိတ်ဆက်ကာ လုပ်ငန်းများ အစဉ်အမြဲ တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ MSME များမှ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး လိုအပ်သည့် သုတေသနနှင့် နည်းပညာများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်များပေးအပ်**

ယင်းနောက် သင်ယူပြီးမြောက်ခြင်းလက်မှတ်များကို MSME လုပ်ငန်းရှင်များထံ ဒုတိယဝန်ကြီးနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်ကြပြီး ပျဉ်းမနားမြို့နယ်နှင့် မကွေးမြို့တို့မှ စားသောက်ကုန်လုပ်ငန်းရှင်များက ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပြည်သူများသို့ အသိပေးပန်ကြားခြင်း

- ➢ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အရေးကြီး/ အရေးပေါ်၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များဖြင့် ပြည်ပသို့ အချိန်မီသွားရောက်ရန် လိုအပ်သူများအတွက် ခိုင်လုံသော အထောက်အထားများနှင့်အတူ Green Channel ဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ➢ ပွဲစားများသည် လူမှုကွန်ရက်မီဒီယာပေါ်တွင် အဆမတန် ငွေကြေးများ ပိုမိုတောင်းခံ၍ လိမ်လည်ဆောင်ရွက်ခြင်းများ တွေ့ရှိရ၍ ပြည်သူများအနေဖြင့် လိမ်လည်မှုမခံရစေရေး သတိပြုသွားကြရန် လိုအပ်ပါမည်။
- ➢ Green Channel ဖြင့် လျှောက်ထားသူများသည် www.passport.gov.mm website တွင် ကြေညာထားသည့်အတိုင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့၊ ရုံးအမှတ် (၃၈) နေပြည်တော် (ဖုန်း ၀၆၇–၃၄၁၁၅၈၀) လိပ်မူပြီး လျှောက်ထားနိုင်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

“ မိမိတို့မြန်မာနိုင်ငံနှင့်ပတ်သက်၍ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏အချို့ဒေသများမှအပ နေရာဒေသအများစုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ထားနိုင်ပြီဖြစ်၊ မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရရှိသော နိုင်ငံရေးပါတီအား ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိ ”

❄ *ရှေ့ဖုံးမှ*

အစည်းအဝေးတတိယပိုင်းကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းပြုလုပ်နေစဉ် မွန်းလွဲ ၃ နာရီ ၅၂ မိနစ်မှ ၄ နာရီ ၈ မိနစ်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏မိန့်ခွန်း Video Message ကို ပြသသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအပြည့်အစုံမှာ မိမိအနေဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ညီလာခံကို လူကိုယ်တိုင် ပါဝင်တက်ရောက်လိုပါသော်လည်း လုပ်ငန်းတာဝန်များဖြင့် မအားလပ်ခြင်းကြောင့် ယခုကဲ့သို့ဆွေးနွေးချက် ဗီဒီယိုဖိုင်ဖြင့်သာ ပေးပို့၍ ပါဝင်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သောညီလာခံတွင် **“အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသော အာဆီယံအဖွဲ့၏ စည်းလုံးညီညွတ်မှု”** နှင့် ပတ်သက်ပြီး သုံးသပ်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

အာရှ-ပစိဖိတ်ဒေသတွင် အာရှကုန်းမြေဒေသ၊ ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ အကျုံးဝင်နေပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သည့် ၄ ဒသမ ၃ ဘီလီယံကျော် နေထိုင်လျက်ရှိပြီး ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ ပါဝင်တည်ရှိနေပါကြောင်း။

**ဒေါ်လာငွေကြေးကို လက်နက်သဖွယ်အသုံးချ**

ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသော အာရှ-ပစိဖိတ်ဒေသအတွက် စားနပ်ရိက္ခာလုံခြုံမှုရှိရေးသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခု ဖြစ်လာပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံမှုရှိရေးတွင် အဓိကကျသော စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများအပါအဝင် အထောက်အကူပြုပစ္စည်းများရောင်းဝယ်ရာ၌ အချို့နိုင်ငံများသည် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲပြီးဖြစ်လာသော ဒေါ်လာငွေကြေးကို လက်နက်သဖွယ်အသုံးချလျက်ရှိကြောင်း။

၂၀၂၂ ခုနှစ်တွင် အာရှ - ပစိဖိတ်ဒေသ၏ ရောင်းကုန် ကုန်သွယ်ခြင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၉ ထရီလီယံခန့်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုကုန်သွယ်ခြင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့် ရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်းကုန်သွယ်မှုသည် အာရှ-ပစိဖိတ်ဒေသတွင် အများဆုံးဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပြုရာတွင် အာရှ-ပစိဖိတ်ဒေသ၌ ၅၉ ရာခိုင်နှုန်းခန့် ကုန်ချပြီး ၄၀ ရာခိုင်နှုန်းခန့် ကုန်တင်မှုများရှိပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ထိပ်တန်းကွန်တိန်နာဆိပ်ကမ်း ၃၀ အနက် ၂၀ ခုမှာ အာရှ-ပစိဖိတ်ဒေသတွင်တည်ရှိပြီး ကမ္ဘာ့ပင်လယ်ရေကြောင်း ကွန်တိန်နာပို့ဆောင်ရေးလမ်းကြောင်း၏ ၅၆ ရာခိုင်နှုန်းကိုလည်း ပိုင်ဆိုင်ထားပါကြောင်း။



(၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023)သို့ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်စဉ်။

**ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးကွက်ကြီးမား**

အာရှ - ပစိဖိတ်ဒေသ၏ ရေနံထုတ်လုပ်မှုတွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဦးဆောင်လျက်ရှိပြီး တရုတ်နိုင်ငံသည် ရေနံထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံဖြစ်သော်လည်း ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်အရ ပြည်ပနိုင်ငံများမှ ရေနံများ တင်သွင်းရလျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယရေနံသုံးစွဲမှုအများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၈ ဒသမ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်ထားပြီး ဒေသတွင်းလိုအပ်ချက်အား ပြည့်မီနိုင်ရန် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၃၈ ရာခိုင်နှုန်းကို အာရှ-ပစိဖိတ်ဒေသတွင် သုံးစွဲလျက်ရှိပါကြောင်း၊ နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ အချက်အလက်များအရ အာရှ-ပစိဖိတ်ဒေသ၏ ရေနံလိုအပ်ချက်မှာ လက်ရှိကာလတွင် တစ်ရက်လျှင် ရေနံစည် ၃၀ ဒသမ ၈ သန်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်ရက်လျှင် ရေနံစည် ၃၈ ဒသမ ၅ သန်းအထိ မြင့်တက်လာနိုင်သည့်အတွက် အာရှ-ပစိဖိတ်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဈေးကွက် ကြီးမားစွာဖြစ်ပေါ်နေပါကြောင်း။

**ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာ**

အာရှ-ပစိဖိတ်ဒေသသည် လူဦးရေများပြားခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အချက်အချာကျနေခြင်းတို့အပြင် လုံခြုံရေးအပါအဝင်ကဏ္ဍမျိုးစုံ၌ အရေးပါသည့်ဒေသဖြစ်လာသည့်အတွက် အမေရိကန်နိုင်ငံအပါအဝင် ဥရောပသမဂ္ဂနှင့် NATO အဖွဲ့ဝင်နိုင်ငံများကလည်း ၎င်းတို့၏ အကျိုးစီးပွားအတွက် အာရှ-ပစိဖိတ်ဒေသအပေါ် စိတ်ဝင်စားမှုမြင့်တက်လာပြီး ဒေသတွင်းနိုင်ငံများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း။

**သိသာထင်ရှားသည့် သက်ရောက်မှုများဖြစ်ပေါ်**

ကပ်ရောဂါဖြစ်ပွားမှု၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ မဖြေရှင်းနိုင်သေးသည့် နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုများနှင့် လတ်တလောပေါ်ပေါက်နေသော အရေးအခင်းများ၏ ပေါင်းစပ်သက်ရောက်မှုများကြောင့် မျက်မှောက်ကာလတွင် ကမ္ဘာကြီး၏ အနေအထားသည် ကြီးမားစွာကွဲပြားကွာဟမှုများနှင့် တွေ့ကြုံနေရပြီး လုံခြုံရေးကဏ္ဍတွင်လည်း အပြိုင်အဆိုင်လွှမ်းမိုးနိုင်ရန် အပြင်းအထန်အားထုတ်မှုများနှင့်အတူ ကြီးမားသည့်အင်အားချိန်ခွင်လျှာအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ တည်ငြိမ်လုံခြုံမှုပိုမိုလျော့နည်းလာသည့် ကမ္ဘာ့အနေအထားသည် အာရှ-ပစိဖိတ်ဒေသကြီး၏ လုံခြုံရေးနှင့်စီးပွားရေးကဏ္ဍများ၌ သိသာထင်ရှားသည့် သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိပါကြောင်း။

ကမ္ဘာ့အနေအထား မတည်ငြိမ်မှုနှင့် မလုံခြုံမှုတို့မှတစ်ဆင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျော့ပါးသွားစေရန် လုပ်ဆောင်ရာ၌ အာဆီယံကဲ့သို့သော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများသည် အထူးအရေးကြီးသည့်ကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အပြန်အလှန်ဆွေးနွေးမှုများကို မြှင့်တင်ခြင်း၊ ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများကို တိုးမြှင့်စေခြင်းနှင့် နိုင်ငံအများပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးကျင့်သုံးခြင်းများသည် အာရှ - ပစိဖိတ်ဒေသအတွက် စိန်ခေါ်မှုများအား ရင်ဆိုင်ရာ၌ အထောက်အကူဖြစ်စေသည့်အပြင် မရေရာမတည်ငြိမ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်အနေအထားအား တည်ငြိမ်အေးချမ်းပြီး သာယာဝပြောမှုတို့ကို ပြန်လည်ဖော်ဆောင်နိုင်ရန်အတွက်လည်း ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံအဖွဲ့အား ၁၉၆၇ ခုနှစ်တွင် ကနဦးအဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အာဆီယံကြေညာချက်ကို လက်မှတ်ရေးထိုး၍ ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့က အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်လာခဲ့ပါကြောင်း၊

*စာမျက်နှာ ၄ သို့*

- **အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်ရာတွင် မရှိမဖြစ် အထူးအရေးပါနေသည်ကို တွေ့ရှိရမည်ဖြစ်**
- **သို့ဖြစ်၍ အာဆီယံ၏ စည်းလုံးညီညွတ်မှု ခိုင်မြဲနေသမျှ အာဆီယံသည် အာရှ-ပစိဖိတ်ဒေသအတွက် အရေးပါသည့်အင်အားအဖြစ် ရှိနေမည်**
- **အာဆီယံအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင် နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို အားကြိုးမာန်တက်ဖော်ဆောင်လျက်ရှိချိန်တွင် တစ်ဖက်တွင်လည်း အဆိုပါ စည်းလုံးညီညွတ်မှုကို စိန်ခေါ်နေသောခြိမ်းခြောက်မှုများလည်း ရှိနေ**

*စာမျက်နှာ ၃ မှ*

ဘာသာရေးအရ ကွဲပြားခြားနားမှုရှိသည့် အာဆီယံနိုင်ငံများသည် စတင်ဖွဲ့စည်းခဲ့စဉ် ချမှတ်ခဲ့သော အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူဝါဒများဖြစ်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့်အဖွဲ့ဝင်နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများအား ၎င်း၏ နှစ်ပေါင်း ၅၆ နှစ်တာ သက်တမ်းတစ်လျှောက်လုံး ခိုင်ခိုင်မာမာစွဲကိုင်ရပ်တည်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားကို စည်းလုံးညီညွတ်စွာဖြင့် ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

**ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်**

လက်ရှိကာလတွင် လူဦးရေ ၆၈၇ သန်းကျော်ရှိပြီး စီးပွားရေးအရလည်း GDP ဒေါ်လာ ၃ ဒသမ ၆၆ ထရီလီယံကျော်ရှိသော အာဆီယံသည် ၎င်း၏ခိုင်မာတောင့်တင်းသော အင်အားနှင့်စွမ်းပကားကိုအသုံးပြု၍ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများစွာ၏ အကျိုးစီးပွားအတွက်လည်း ထမ်းရွက်ပံ့ပိုးပေးနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြေပေါ်၊ မြေအောက်နှင့် ရေသယံဇာတများထုတ်ယူပြီး ကမ္ဘာကြီး၏ စွမ်းအင်လိုအပ်ချက်နှင့် စားနပ်ရိက္ခာလိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနေလျက်ရှိပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသရှိ အာဆီယံအဖွဲ့သည် ဒေသတွင်းပေါင်းစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် မောင်းနှင်အားတစ်ခုဖြစ်လာခဲ့ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအစရှိသည့် စုဖွဲ့မှုများနှင့် အာဆီယံအဖွဲ့ဝင်များအကြား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

အာဆီယံအဖွဲ့သည် စစ်ရေးမဟာမိတ်အုပ်စု မဟုတ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးပေါင်းစည်းအင်အားမှာ ကြီးမားလှပါကြောင်း၊ စစ်ရေးအတွေ့အကြုံရှိသည့် ဗီယက်နမ်၊ မြန်မာနှင့် စွမ်းပကားထက်မြက်သောလက်နက်များ ပိုင်ဆိုင်ထားသည့် အာဆီယံနိုင်ငံများ၏ ပေါင်းစည်းအင်အားသည် ကမ္ဘာကြီးအတွက် အသင့်အတင့်အားထားနိုင်သော အခြေအနေတွင်ရှိပါကြောင်း၊ အာဆီယံအဖွဲ့သည် အာရှ-ပစိဖိတ်ဒေသအတွင်း ပြင်ပအင်အားကြီးနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံအပေါင်းသုံး အစရှိသည့် အာဆီယံနှင့်ပြင်ပမိတ်ဖက်နိုင်ငံများအကြား ဆွေးနွေးပွဲယန္တရားများတွင် အာဆီယံသည် အဓိကအချက်အချာကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်




ရုရှားသမ္မတ ဗလာဒီမာပူတင်က Video Message ဖြင့် မိန့်ခွန်းပြောကြား၍ (၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) ကို ဖွင့်လှစ်ပေးစဉ်။

အပြင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအပေါ် သြဇာသက်ရောက်လျက်ရှိပြီး ငြိမ်းချမ်းသော ဆက်ဆံရေးလမ်းကြောင်းများကို အားပေးမြှင့်တင်ကာ အကျိုးတူကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အားကောင်းစေလျက်ရှိပါကြောင်း။

**အရေးပါသည့်အင်အားအဖြစ် ရှိနေမည်**

ထို့ကြောင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်ရာတွင် မရှိမဖြစ် အထူးအရေးပါနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံ၏ စည်းလုံးညီညွတ်မှုခိုင်မြဲနေသမျှ အာဆီယံသည် အာရှ-ပစိဖိတ်ဒေသအတွက် အရေးပါသည့်အင်အားအဖြစ် ရှိနေမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို အားကြိုးမာန်တက်ဖော်ဆောင်လျက်ရှိချိန်တွင် တစ်ဖက်တွင်လည်း အဆိုပါစည်းလုံးညီညွတ်မှုကို စိန်ခေါ်နေသော ခြိမ်းခြောက်မှုများလည်း ရှိနေပါကြောင်း။

မိမိတို့မြန်မာနိုင်ငံနှင့်ပတ်သက်၍ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏အချို့ဒေသများမှအပ နေရာဒေသအများစုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရရှိသောနိုင်ငံရေးပါတီအား ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

အာဆီယံဒေသသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ပေါင်းကူးပေးသည့်နေရာတွင်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ဗဟိုချက်အဖြစ် တည်ရှိလျက်ရှိပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ – ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် အနာဂတ်တွင် အာရှ – ပစိဖိတ်ဒေသတွင်း နက်နဲရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ကာ ကျော်လွှားတုံ့ပြန်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား အငြင်းပွားမှုများနှင့် ပြဿနာများအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားရမည်ဖြစ်ပြီး ရရှိလာသော အခွင့်အလမ်းများကို အမိအရအသုံးချ၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်(၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023)ကို ဒေသစံတော်ချိန် ည ၆ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**စုစုပေါင်း ၈၀၀ ကျော် ပါဝင်တက်ရောက်**

အဆိုပါ (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် နိုင်ငံငါးနိုင်ငံမှ အကြီးအကဲများက Video မှတ်တမ်းပေးပို့၍ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အပါအဝင် နိုင်ငံပေါင်း ၂၀ မှ ကာကွယ်ရေးဝန်ကြီးအဆင့်ပုဂ္ဂိုလ် ၂၀၊ နိုင်ငံ ၁၆ နိုင်ငံမှ ဒုတိယကာကွယ်ရေးဝန်ကြီးအဆင့် ပုဂ္ဂိုလ် ၁၆ ဦး၊ နိုင်ငံ ၁၂ နိုင်ငံမှ ညွှန်ကြားရေးမှူးအဆင့် ပုဂ္ဂိုလ် ၁၂ ဦး အပါအဝင် စုစုပေါင်း ၈၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးနိုင်သည့်မြေနေရာများတွင် မြေလပ်မရှိ စိုက်ပျိုးသွားရန် လိုအပ်

ပဲခူး သြဂုတ် ၁၆

တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ သြဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ရော်ဘာအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် သွင်းကုန်အစားထိုးတန်ဖိုးမြှင့် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် MSMEs လုပ်ငန်းများအတွက် ဒေသထွက်ကုန်ကြမ်းပစ္စည်းများ ပြည့်စုံလုံလောက်စွာ ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန် လိုအပ်ကြောင်း၊ သီးနှံစိုက်စွမ်းအားနှင့် သီးထပ်စွမ်းအားတိုးတက်စေရေး စိုက်ပျိုးနိုင်သည့် မြေနေရာများတွင် မြေလပ်မရှိ စိုက်ပျိုးသွားရန် လိုအပ်ကြောင်းနှင့် ရေကြီးရေနက်ကွင်းများ၊ သဲဆန်ကုန်းကြောမြေများတွင် မည်သည့်သီးနှံစိုက်ပျိုးနိုင်သည်ကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ မြေပြင်ကွင်းဆင်း၍ တောင်သူများကို အသိပညာပေးရန်လိုအပ်ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်များ၊ ကျေးရွာများတွင် ရေပြန်လည်ကျဆင်းသွားပြီဖြစ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သေချာစစ်ဆေး၍ အမြန်ဆုံးလျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ရေကြီးမှုကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများကို အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးရန် လိုအပ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပိတ်ရက်များတွင် အစားထိုးပြန်လည်သင်ကြားနိုင်ရေးနှင့် မြို့တွင်းသန့်ရှင်းသာယာလှပစေရေး ပြန်လည်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်

**ကူမင်း ဩဂုတ် ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Kunming Dianchi Lake International Convention and Exhibition Centre ၌ ဩဂုတ် ၁၆ ရက်တွင် ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ (7th China-South Asia Exposition and the 27th China Kunming Export and Import Fair) သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးရာဗဟိုကော်မရှင် ညွှန်ကြားရေးမှူးနှင့် CPC ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ယိ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E Dinesh Gunawardena ၊ နီပေါနိုင်ငံ ဒုတိယသမ္မတ H.E Ran Sahay Prasad Yadav ၊ CPC ယူနန်ပြည်နယ်ကော်မတီအတွင်းရေးမှူး H.E Wang Ning၊ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွီပေါ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E Pany Yatho Tou၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Tran Luu Quang ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးရာဒုတိယဝန်ကြီး H.E Li Fei ၊ CPC ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး H.E Sun Haiyan ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဘူတန်ဘုရင့်နိုင်ငံ စက်မှု၊ စီးပွားရေးနှင့် အလုပ်ခန့်ထားရေးဝန်ကြီး H.E Karma Dorji ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်ဝန်ကြီး H.E Nong Rong ၊ မော်ဒိုက်သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီး H.E Ahmed Kahaleel၊ နီကာရာဂွါသမ္မတနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနှင့် စီးပွားရေးရာဝန်ကြီး H.E Jesu's Bermudez၊ ပြင်သစ်လွှတ်တော်အမတ် H.E Philippe Folliot တို့ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပြပွဲ၏ဂုဏ်ထူးဆောင်နိုင်ငံပြခန်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှုအကဖြင့် တင်ဆက်ကပြကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှုတ်ခွန်းဆက်စကားပြောကြား၍ အာဆီယံနှင့် တောင်အာရှနိုင်ငံအချို့မှ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနှင့်အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွီပေါတို့က ပြခန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဆက်လက်၍ (၇)ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲကိုကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြားပေါင်းကူးသဖွယ်တည်ရှိနေကြောင်း၊ ထို့ကြောင့် ဒေသတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုးတက်မှုအလျင်မြန်ဆုံးဒေသအဖြစ် ပြည်သူများ၏ သာယာဝပြောရေးကို ဖော်ဆောင်ပေးနိုင်ရေး ခိုင်မာသောပူးပေါင်းဆက်သွယ်မှုများ အလေးထားဆောင်ရွက်သွားလိုကြောင်း၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအနေဖြင့် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် ASEAN China Free Trade Agreement ACFTA 3.0 အဆင့်မြှင့်တင်ရေးညှိနှိုင်းဆွေးနွေးရေး တတိယအကျော့ကို ၂၀၂၃ ခုနှစ် ဇွန်လတွင် ကူမင်းမြို့တွင် ကျင်းပခဲ့ကြောင်း၊ နောက်တစ်ကြိမ်တွင်ကျင်းပမည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုကဏ္ဍများသာမက ကဏ္ဍအားလုံးပါဝင်သော လွတ်လပ်သောကုန်သွယ်မှု ဒေသဖန်တီးတည်ဆောက်နိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေးကဏ္ဍများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ တရုတ်နိုင်ငံနှင့် တောင်အာရှ အရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများ စည်းလုံးညီညွတ်ရေး၊ သာယာဝပြောရေးနှင့် ကုန်စည်ပြပွဲ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်နှင့်လုပ်ငန်းရှင်ပေါင်း ၁၀၀ ကျော်တို့က နိုင်ငံ၏လယ်ယာထွက်ကုန်များ၊ လက်မှုပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက်ရတနာများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဆက်စပ်စီးပွားရေးဖိုရမ်များသို့လည်း တက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ပါဝင်ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲတွင်လည်း ပါဝင်ပြသခဲ့ကြောင်း ပြပွဲ၏ခေါင်းစဉ်မှာ Solidarity and Coordination for Common Development ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ နိုင်ငံပေါင်း ၈၄ နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်တော်များ တက်ရောက်ကြသည်။

အဆိုပါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှပြခန်းပေါင်း ၃၆ ခန်း ပြသခဲ့ကာ အာဆီယံနှင့် တောင်အာရှနိုင်ငံများ၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနှင့် ဒေသပေါင်း ၈၀ ကျော်မှ ကုန်စည်ပြခန်းများပါဝင်ပြီး စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဇီဝဆေးနှင့် အထွေထွေပစ္စည်းများ၊ နိုင်ငံတကာလူသိများသော စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ကုန်များ၊ တောင်အာရှ၏ ကုန်စည်ပြခန်းများ၊ အဆင့်မြင့်ကုန်ထုတ်လုပ်ငန်းပြခန်းများနှင့် အခြားပြခန်းအမျိုးအစားပေါင်း ၁၅ ခုပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၇)ကြိမ်မြောက် တရုတ် - တောင် အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။






## ရွှေဘိုမြို့၌ စပါးတစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်

**ရွှေဘို ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ လိပ်ချင်းကျေးရွာအုပ်စုတွင် စပါးတစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေး စံပြကွက်စိုက်ပျိုးသည့် တောင်သူများအား ပံ့ပိုးပစ္စည်းပေးအပ်ပွဲနှင့် မိုးစပါးတစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေး နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက မိုးစပါးတစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေး နည်းပညာများ၊ ခရိုင်မျိုးစေ့ ကာကွယ်ရေးတာဝန်ခံက မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာနှင့် ဆန်နီစပါးဖြစ်ပေါ်မှု ကာကွယ်နည်းများနှင့် ခရိုင်မြေအသုံးချရေး တာဝန်ခံက စပါးပင်သံအဆိပ်သင့်မှု (နီတိုဖြစ်ခြင်း)နှင့် ဆား/ဆပ်ပြာပေါက်ခြင်း ကာကွယ်ရေးနည်းပညာများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စံပြကွက်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသွင်းအားစုများဖြစ်သော မျိုးစေ့၊ ကွန်ပေါင်း၊ ဂျစ်ပဆန်စသည့်ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(ယာပုံ) ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် ဩဂုတ် ၁၆**

စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် ပညာရေးအရာရှိများအတွက် စီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြင့်မားလာစေရန် ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ပညာရေးစီမံအုပ်ချုပ်မှု သင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ပညာရေးစီမံအုပ်ချုပ်မှု သင်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ထိရောက်စွာအကောင်အထည်ဖော်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဝန်ကြီးဌာနရှိ အရာထမ်းများအနေဖြင့် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စီမံအုပ်ချုပ်မှု ကျွမ်းကျင်ပြီး ထိရောက်စွာ ဆောင်ရွက်တတ်ရန်၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု စွမ်းရည်များ ပိုမိုမြင့်မားတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြင့်မား၍ ထူးချွန်ထက်မြက်သော နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊ ပညာရေးမူဝါဒများကို သိရှိလိုက်နာဆောင်ရွက်တတ်စေရန်၊ အဆင့်အလိုက် စီမံအုပ်ချုပ်မှု လုပ်ငန်းများကိုသိရှိပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်းကင်းစွာ ဆောင်ရွက်တတ်စေရန်၊ ဝန်ထမ်းများ၏ ပင်ကိုအရည်အချင်းများ ထုတ်ဖော်ခွင့်ရရှိစေရန်နှင့် ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သည့်ရလဒ်များ ပေါ်ထွက်လာပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှ ပို့ချချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပြီး မိမိတို့၏ ပညာရေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြှင့်တင်ခြင်းဖြင့် မိမိမြို့နယ်အတွင်းရှိ ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုဖြင့် အခြေခံပညာကဏ္ဍ ပညာရေး ပြုပြင်ပြောင်းလဲမှုများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆန်အိတ် ၃၀၀ နှင့် ဆီပိသ်သာ ၁၆၅၀ တို့ကို ပညာရေး စီမံအုပ်ချုပ်မှုသင်တန်းအတွက် ထောက်ပံ့ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား နှစ်ဦးက လက်ခံရယူသည်။

သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်ပညာရေးမှူး ၃၀၃ ဦး တက်ရောက်ကြပြီး ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက် အထိ သုံးလကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

### အမှာစကားပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမာရွတ်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စီမံအုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆန်အိတ် ၁၀၀ နှင့် ဆီပိသ်သာ ၅၅၀ ကို အဆိုပါကျောင်း၌ ဖွင့်လှစ်သည့် ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းအတွက် ထောက်ပံ့ပေးအပ်သည်။

စီမံအုပ်ချုပ်မှုသင်တန်းသို့ အောက်မြန်မာပြည်မှ အထက်တန်း ကျောင်းအုပ် သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြသည်။

### သုတေသနလုပ်ငန်းများ ဆောင်ရွက်နေ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တက္ကသိုလ် ရက္ခဗေဒဌာနနှင့် သတ္တဗေဒဌာန စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်းများနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လားရှိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက် ဦးစီးဌာနများမှ ခရိုင်အဆင့်/ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အား သေချာစွာနားလည်သဘောပေါက် သိရှိစေရေး၊ မိမိတို့ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ အထက်အောက် အပြန်အလှန်လေးစားမှု၊ ကူညီရိုင်းပင်းမှုတို့ဖြင့် ဌာနတွင်း စည်းလုံးညီညွတ်မှု တည်ဆောက်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ပေးရေး မှာကြားသည်။



ထို့နောက် ပြည်နယ်ဦးစီးမှူးများက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာသို့ သွားရောက်ကာ ဘက်စုံသုံးခန်းမ၌ ကျေးရွာလူထုနှင့်တွေ့ဆုံပြီး ရွာတွင်းလမ်းပြုပြင်ပေးရေး၊ ကုန်ထုတ်လမ်း ဖောက်လုပ်ရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ အဆိုပါ ဘက်စုံသုံးခန်းမကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၄၄ ဒသမ ၉၈ သန်း စုစုပေါင်း ၅၄ ဒသမ ၉၈ သန်းဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် တက်ရောက်လာသူများကို လိုက်လံနှုတ်ဆက်၍ ခန်းမတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာသို့ သွားရောက်ကာ HT ဆပ်ပြာရည် ထုတ်လုပ်မှုလုပ်ငန်းကိုကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ လုပ်ငန်းသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဇွန်လအတွင်း ဖွင့်လှစ်ခဲ့သော လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့သူ ကျေးရွာသူ ကျေးရွာသား ခြောက်ဦး အတူတကွပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ရွှေတောင်၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရွှေတောင် ဩဂုတ် ၁၆**

ရွှေတောင်မြို့နယ် အထက (ရွှေတောင်) ရတနာခန်းမ၌ ယမန်နေ့နံနက်က မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မျိုးသန့်က ကျောင်းကျန်းမာရေးအဆင့်မြင့် ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သွားနှင့်ခံတွင်းဦးစီးအရာရှိ ဒေါက်တာ ရဲမြင့်စိုးက သွားနှင့်ခံတွင်းသန့်ရှင်းရေးအကြောင်း၊ မြို့နယ်အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်မာစန်းက သံချဆေးတိုက်ကျွေးရခြင်းအကြောင်း၊ မြို့နယ်အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်ကေသီက သံခတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့် ပျိုရွယ်သူကျန်းမာရေးအကြောင်းတို့ကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းမုန့်ဈေးတန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**



---



# လက်ပံတန်း၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

**လက်ပံတန်း ဩဂုတ် ၁၆**

လက်ပံတန်းမြို့နယ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့ နံနက်က မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းက ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကဗျာ၊ စာစီစာကုံး၊ ပန်းချီနှင့် ဥာဏ်စမ်းပဟေဠိ ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ် အလားအလာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်ဖက်အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ဖက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု စိတ်ဝင်စားသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။





**အရေးပါသောအခန်းကဏ္ဍက ပါဝင်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ဖက် စိုက်ပျိုးထုတ်လုပ်သော နိုင်ငံအများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး ကမ္ဘာ့လက်ဖက် စိုက်ပျိုးထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို လုပ်ကွက်ငယ်တောင်သူများက ထုတ်လုပ်နေခြင်းဖြစ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် လက်ဖက်စတင် ပေါက်ရောက်ရာ မူရင်းဒေသများအနက် တစ်ခုဖြစ်ပြီး မိရိုးဖလာစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုး၍ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် စာရင်းများအရ စုစုပေါင်း လက်ဖက်အထွက် ပိဿာ (၆၉) သန်းခန့်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မြန်မာ့လက်ဖက်ကို ပြည်ပသို့ တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ (၂ ဒသမ ၅) သန်းခန့် ရရှိခဲ့သည်ဟု သိရှိရကြောင်း။

၁၉၉၁-၁၉၉၂ ခုနှစ်မှ စတင်၍ လက်ဖက်တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးကို အမျိုးသားစီမံကိန်းအစီအစဉ်ဖြင့် ကာလတို (၅)နှစ် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၀-၂၀၂၁ ခုနှစ်ထိ လက်ဖက်စိုက်ဧရိယာ ဧက (၂ ဒသမ ၃၉) သိန်း စိုက်ပျိုးခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် စိုက်ဧရိယာ ဧက(၂ ဒသမ ၄) သိန်းအထိ တိုးချဲ့စိုက်ပျိုးလာလျက်ရှိကြောင်း၊ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ စီမံကိန်း မစတင်မီ ပိဿာ (၂၃၀) ခန့် ထွက်ရှိရာမှ စီမံကိန်းကာလနောက်ပိုင်းတွင် (၂၇၅) ပိဿာခန့် ထွက်ရှိလာသည်ကို တွေ့ရှိရသော်လည်း နိုင်ငံတကာ အထွက်နှုန်းနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ဧရိယာများ တိုးချဲ့သကဲ့သို့ တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် မျိုးပြောင်းလဲခြင်း၊ စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစု ထည့်သွင်းမှုများ၊ အပင်ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းတို့တွင် နည်းပညာပေးခြင်း၊ ကိုင်းဖြတ်ပြုပြင်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုက်နာဆောင်ရွက်ခြင်း၊ စက်ကိရိယာများ ပိုမိုသုံးစွဲခြင်း စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်လာကြစေရန် ကြိုးပမ်းရာတွင် အဓိကကျသော ပုဂ္ဂလိကအခန်းကဏ္ဍဖြစ်သည့် မြန်မာနိုင်ငံလက်ဖက်အသင်းနှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ လက်ဖက်များကို လက်ဖက်အစို၊ လက်ဖက်အခါးခြောက်၊ လက်ဖက်အချိုခြောက်၊ လက်ဖက်အချဉ်ခြောက်၊ လက်ဖက်ဝိုင် စသော တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဆန်းသစ်တီထွင်သော နည်းလမ်းများဖြင့် ထုတ်လုပ်ရန်လည်း လိုအပ်လျက်ရှိကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှု အတွေ့အကြုံများကို အခြေခံပြီး လက်ဖက်တစ်ဧကအထွက်နှုန်း တိုးတက်စေရေးနှင့် တန်ဖိုးမြင့်လက်ဖက်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် နည်းပညာပိုင်း၊ မူဝါဒပိုင်းနှင့် နည်းဗျူဟာပိုင်း အားကောင်းလာစေရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးမှု၊ ပြည်ပတင်ပို့မှု၊ မျိုး၊ မြေဩဇာသုံးစွဲမှု အကြံပြုချက်နှင့် သုတေသနရှုထောင့်မှ အမြင်များကို ရှင်းလင်းဆွေးနွေးကြပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံလက်ဖက်အသင်းမှ တာဝန်ရှိသူများက မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ၊ ဖြည့်စွက်မွမ်းမံ သင်ကြားပေးနိုင်သော ဘာသာရပ်များနှင့် စိုက်ခင်းစတင်ချိန်မှစ၍ ကြုံတွေ့ရသည့် ပြဿနာများကို ဇီဝဗေဒ၊ လူမှုရေး၊ စီးပွားရေး ရှုထောင့်ပေါင်းစုံမှ တင်ပြဆွေးနွေးကြသည်။

**ပါဝင်ဆွေးနွေး**

ယင်းနောက် အုပ်စုအလိုက် ဆွေးနွေးခြင်း(SWOT Analysis)အစီအစဉ်တွင် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မျိုး၊ မြေဩဇာသုံးစွဲမှု အကြံပြုချက်နှင့် သုတေသနဆောင်ရွက်မှု၊ ပြုပြင်လုပ်ဆောင်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ ပြည်တွင်းအသုံးပြုမှုနှင့် ပြည်ပကုန်သွယ်မှုခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလက်ဖက်အသင်းမှ ကျွမ်းကျင်သူများနှင့် လက်ဖက်ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံ လက်ဖက်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေး လမ်းပြမြေပုံရေးဆွဲခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**တိုးချဲ့စိုက်ပျိုးနိုင်ရေး**

အမယ်သစ် ပြည်ပပို့ကုန်အဖြစ် အလားအလာကောင်းသည့် လက်ဖက်သီးနှံကို ဇုန်နယ်မြေများ သတ်မှတ်၍ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လက်ဖက်တန်ဖိုး ကွင်းဆက်တစ်လျှောက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်းနှင့် လက်ဖက်တန်ဖိုးကွင်းဆက်မြှင့်တင်ရေးလမ်းပြမြေပုံ ရေးဆွဲခြင်းကို ဝန်ကြီးဌာန လက်ဖက်ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ လက်ဖက်ပညာရှင်များ ဆွေးနွေးအဖြေရှာပြီး အသေးစိတ်အစီအစဉ်များချမှတ်နိုင်ရန် ရည်ရွယ်၍ လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ❖ *ကျောဖုံးမှ*

အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ (၂၅) ရက်မှ စက်တင်ဘာလ (၁၀) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၁၄) | မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) | လွိုင်ကော်တက္ကသိုလ် | (၁၅) | မိတ္ထီလာတက္ကသိုလ် |
| (၃) | ဘားအံတက္ကသိုလ် | (၁၆) | ကျောက်ဆည်တက္ကသိုလ် |
| (၄) | ဟားခါးတက္ကသိုလ် | (၁၇) | မော်လမြိုင်တက္ကသိုလ် |
| (၅) | မုံရွာတက္ကသိုလ် | (၁၈) | စစ်တွေတက္ကသိုလ် |
| (၆) | ရွှေဘိုတက္ကသိုလ် | (၁၉) | တောင်ကုတ်တက္ကသိုလ် |
| (၇) | စစ်ကိုင်းတက္ကသိုလ် | (၂၀) | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၈) | ထားဝယ်တက္ကသိုလ် | (၂၁) | တောင်ကြီးတက္ကသိုလ် |
| (၉) | တောင်ငူတက္ကသိုလ် | (၂၂) | လားရှိုးတက္ကသိုလ် |
| (၁၀) | ပြည်တက္ကသိုလ် | (၂၃) | ကျိုင်းတုံတက္ကသိုလ် |
| (၁၁) | ပဲခူးတက္ကသိုလ် | (၂၄) | ပုသိမ်တက္ကသိုလ် |
| (၁၂) | မကွေးတက္ကသိုလ် | (၂၅) | ဟသ်ာတတက္ကသိုလ် |
| (၁၃) | ပခုက္ကူတက္ကသိုလ် | (၂၆) | မအူပင်တက္ကသိုလ် |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇ ၊ ၀၁၇-၅၂၅၆၁၂ နှင့် ၀၁၇-၅၀၁၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

# မောင်တောမြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**မောင်တော ဩဂုတ် ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် အသေးစား စက်မှုလက်မှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်ခြင်းကို ဩဂုတ် ၁၄ ရက်က အောင်မင်္ဂလာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။



အဆိုပါ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဦးက အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များအား နည်းပြများက လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းသားများထဲမှ ထူးချွန်သင်တန်းသားငါးဦးအား တစ်ပိုင်တစ်ပိုင် လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်မှ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လတိတိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများအား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း ယနေ့တွင်လည်း အထူးစည်ကား



**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း အခမဲ့ လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက်မှစတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်းဖွင့်လှစ်ထားရှိရာ ယနေ့ နဝမမြောက်နေ့ ဩဂုတ် ၁၆ ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့် ဘုရားကြီး ပရိဝုဏ်အတွင်း ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

**စနစ်တကျစစ်ဆေး**

ဘုရားဖူးလာ ပြည်သူများနှင့် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောများ ရှင်းလင်းပေးလျက်ရှိပြီး ဘုရားကြီးအဝင်လမ်းတစ်လျှောက်တွင် ဘုရားဖူးလာ ပြည်သူများ၏ မော်တော်ယာဉ်များ စနစ်တကျ စီတန်းရပ်နားထားသည်ကို မျက်စိတဆုံး တစ်မျှော်တစ်ခေါ် တွေ့ရသည်။ မုခ်ဦးအဝင်သို့ ရောက်ရှိလာသည့် ဘုရားဖူးလာပြည်သူများကို လုံခြုံရေးဝန်ထမ်းများက စနစ်တကျစစ်ဆေးလျက်ရှိရာ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများက ကြည်ဖြူစွာ အစစ်ဆေးခံကြသည်။

**စတုဒိသာကျွေးမွေး**

ဘုရားကြီးဖူးမြော်ရာတွင် ဘုရားဖူးလာ လူငယ်လူရွယ်များက ခြေကျင်ဝင်ရောက်ကြပြီး ရဟန်းသံဃာတော်များနှင့် သီလရှင်များ၊ သက်ကြီးဘိုးဘွားများနှင့် ကလေးမိခင်များကို ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မပင်မပန်း သွားလာနိုင်စေရန် ဘက်ဂီမော်တော်ယာဉ်ငယ်များဖြင့် အသွားအပြန် ပို့ဆောင်ပေးလျက်ရှိရာ မာရဝိဇယဘုရားကြီး၏ ပရိဝုဏ်အတွင်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ အနေဖြင့် ကြည်ညိုသဒ္ဓါ ပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ၌လည်းကောင်း၊ အလှူခံပုံးအသီးသီးတွင်လည်းကောင်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းလျက်ရှိသည်။ သောက်ရေသန့်များ အခမဲ့လှူဒါန်းခြင်းနှင့် စတုဒိသာ သက်သတ်လွတ်သီးစုံဒံပေါက်များကိုလည်း ပြည့်စုံလုံလောက်စွာ ကျွေးမွေးလျက်ရှိသည်။

မာရဝိဇယဘုရားကြီး ရင်ပြင်တော်ပေါ်တွင် စိတ်အေးချမ်းသာစွာ ဘုရားဝတ်ပြုသူများ၊ ပဋ္ဌာန်းရွတ်ဖတ်သူများ၊ ဆုတောင်းမေတ္တာပို့သသူများ၊ ကြည်ညိုသဒ္ဓါပွားသူများ၊ မုဒိတာပွားများသူများဖြင့် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း မပျက် စည်ကားလျက်ရှိသည်။



**များပြားစည်ကား**

ဘုရားကြီး၏ ရင်ပြင်တော်ပေါ်ရှိ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်ပြုအမျှဝေကြသူများ၊ ဘုရားရင်ပြင်တော် အောင်မြေပေါ်တွင် အဓိဋ္ဌာန် ဆုတောင်းဖူးမြော်ကြသူများ၊ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသော ဂန္ဓကုဋိတိုက် ၂၄ ဆောင်အတွင်းရှိ ဇာတ်နိပါတ်တော်များအား စိတ်ပါဝင်စားစွာ လေ့လာဖတ်မှတ်နေကြသူများ၊ ကျောက်စာရုံ စေတီတော် အဆူ ၇၂၀ တို့တွင် ဖူးမြော်ကြည်ညိုသဒ္ဓါပွားများသူများ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားဖူးမြော်သူများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးတွင် လေ့လာကြည်ညိုကြသူများနှင့် အသင်းအဖွဲ့လိုက် ဝတ်ရွတ်ပူဇော်သူများ၊ ဇရပ်များအတွင်း အသင်းအဖွဲ့လိုက်နားနေသူများဖြင့် နေရာလပ်မရှိ များပြားစည်ကားလှသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိရာ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ရဟန်း၊ ရှင်လူဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန်အတွက် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးသွားမည်ဖြစ်သည်။

**ဝင်ရောက်လေ့လာကြည့်ရှု**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဩဂုတ် ၂၀ ရက်နှင့် နောက်ပိုင်း လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေး မြန်မာနိုင်ငံသားလူကြီးတစ်ဦးလျှင် ၁၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် 10 USD နှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com ၊ www.twitter.com/Maravijaya– နှင့် t.me/Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**
**ဓာတ်ပုံ – အိမ့်ဘီလီယံမောင်**



# မာရဝိဇယဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်ကို တက်ရောက်ဖူးမြော်ဖို့ ကျွန်မတို့လို ဝှီးချဲနဲ့လာရောက်ဖူးမြော်တဲ့ ပြည်သူတွေအတွက် စက်လှေကားကို တပ်ဆင်ပေးထားတာလည်း သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါတယ်

ဒေါ်ကြူ


ဒေါ်ရှစ်မာ


ဒေါ်ကြူ


ဒေါ်သန်းငွေ


မပြည့်ဖြိုးခိုင်


ဦးသောင်းရွှေ


ကိုဇော်ဝင်း


ကိုအောင်ဝင်း


မခင်ဇာနည်ထွေး


မောင်ဇော်နိုင်အောင်


မမေသီသီလင်း

**နေပြည်တော်  ဩဂုတ်  ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားသည့် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ်၈ ရက်မှ စတင်၍ ရဟန်းရှင်လူ အများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိရာ နဝမမြောက်နေ့ဖြစ်သည့် ဩဂုတ် ၁၆ ရက်တွင် ဖူးမြော်သူဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

အဖွဲ့အလိုက် ဘုရားဖူးအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအားကောင်းစွာ လှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာလှေ့လာကြည့်ရှုနေမှုများကို မြင်တွေ့ရသည်။ ဘုရားကြီးသို့ လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာဓုခေါ်သံများနှင့် သဘောထားအမြင်များတို့ကို စုစည်းတင်ဆက်လိုက်ပါသည်။

**ဒေါ်ရှစ်မာ (စစ်ကိုင်းတောင်ရိုး၊ သာသနာ့ဗိမာန်စာသင်တိုက်)**

ဆရာလေးက စစ်ကိုင်းတောင်ရိုးသာသနာ့ဗိမာန် စာသင်တိုက်ကနေ သူငယ်ချင်း ဆရာလေးများနဲ့အတူ နေပြည်တော်မှာရှိတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို လာရောက်ဖူးမြော် ကြည်ညိုတာဖြစ်ပါတယ်။ စကျင်ကျောက်တွေနဲ့ ပြုလုပ်ထားတဲ့ မာရဝိဇယဗုဒ္ဓဘုရားကြီးကို ရုပ်မြင်သံကြားသတင်းတွေနဲ့ နိုင်ငံပိုင်သတင်းစာဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာမှာ ကြည့်ရှုရတဲ့အတွက် ကြည်ညိုသဒ္ဓါပွားပြီး လာရောက်ဖူးမြော်ချင်တာ ကြာပါပြီ။ အခုတော့ ဖူးမြော်ချင်တဲ့ ဆန္ဒတွေပြည့်ပါပြီ။ စစ်ကိုင်းမြို့ကနေ မနက်အစောထွက်လာတာဖြစ်တဲ့အတွက် အရုဏ်ဆွမ်းကို မာရဝိဇယဘုရားကြီးမှာ အလှူဒါနပြုနေတဲ့ သက်သတ်လွတ်ဒံပေါက်ကို ဘုဉ်းပေးပါတယ်။ အင်မတန်မှ ဝမ်းသာပီတိဖြစ်ပါတယ်။ ဘုရားဖူးလာ ရဟန်းရှင်လူ အများပြည်သူများကလည်း ဘုရားကြီးမှာ လိုအပ်တဲ့ မွမ်းမံမှုများ ပြုလုပ်နိုင်ဖို့ သဒ္ဓါတရားနည်းများမဆို လှိုက်လှိုက်လှဲလှဲ လှူဒါန်းကုသိုလ်ယူနေကြတာတွေ မြင်ရတော့လည်း ပီတိတွေပွားပြီး သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါတယ်။

**ဒေါ်ကြူ (ပျဉ်းမနားမြို့နယ်)**

ကျန်းမာရေး မကောင်းတဲ့ကြားက ဘုရားကြီးကို ဖူးချင်လွန်းလို့ မိသားစုနဲ့အတူ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီးရဲ့ မုခ်ဦးကိုဝင်လိုက်တာနဲ့ ဘက်ဂီကားလေးတွေက ရဟန်း၊ သီလရှင်၊ သက်ကြီးဘိုးဘွား၊ ကိုယ်ဝန်ဆောင်မိခင်၊ ရင်ခွင်ပိုက်ကလေးငယ်ရှိတဲ့ မိဘတွေကို အခမဲ့ပို့ဆောင်ပေးတာတွေလည်း တွေ့မြင်ရတဲ့အခါမှာလည်း စိတ်ကြည်နူးစရာတွေ ဖြစ်ပေါ်လာမိပါတယ်။

မာရဝိဇယဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်ကို တက်ရောက်ဖူးမြော်ဖို့ ကျွန်မတို့လို ဝှီးချဲနဲ့ လာရောက်ဖူးမြော်တဲ့ ပြည်သူတွေအတွက် စက်လှေကားကို တပ်ဆင်ပေးထားတာလည်း သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါတယ်။ မာရဝိဇယဘုရားကြီးရင်ပြင်ပေါ်မှာ ဘုရားကြီးကို အားပါးတရ ဖူးမြော်ကြည်ညိုလိုက်ရတဲ့အခါ ခံစားနေရတဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းသွားတယ်လို့ ခံစားမိပါတယ်။ ဘုရားတကာအပေါင်းလည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ဒေါ်သန်းငွေ (ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီးရွာ)**

ဒီနေ့ ဩဂုတ်လ ၁၆ ရက်နေ့ဟာ ဘုရားကြီး အခမဲ့ဖူးမြော်နိုင်တဲ့ နောက်ဆုံးရက်ဆိုတာ ရုပ်မြင်သံကြားသတင်းတွေ၊ ရေဒီယိုသတင်းတွေကနေတစ်ဆင့် ကြားသိရပါတယ်။ အဲဒီလို ကြားသိရတော့ ဒီနေ့တော့ ရောက်အောင်သွားဖူးမယ်ဆိုပြီး မိသားစုတွေတိုင်ပင်ပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ဖြစ်တာပါ။ ဒါပေမယ့် ဘုရားကြီးကိုရောက်တော့ ဩဂုတ်လ ၁၉ ရက်နေ့အထိ အခမဲ့လာရောက်ဖူးမြော်နိုင်ကြောင်း ထပ်ဆင့်ကြေညာထားတာ သိရှိရပါတယ်။ ဘုရားကြီးဖူးဖို့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် ကားတက်လိုက်ပြီဆိုကတည်းက ပီတိတွေဖြစ်၊ ကျေနပ်အားရမှုတွေဖြစ်နဲ့ ပျော်လို့မဆုံးပါဘူး။ ဘုရားကြီးရင်ပြင်တော်ပေါ်မှာ ဂုဏ်တော်တွေပွားပါတယ်။ ပဋ္ဌာန်းတွေ ရွတ်ဖတ်ပူဇော်ခဲ့ပါတယ်။ ဂန္ဓကုဋီတိုက်၊ ကျောက်စာရုံစေတီ၊ ခေါင်းလောင်းတော်ကြီး၊ မဟာဗောဓိညောင်ပင်နဲ့ မုစလိန္ဒကန်တွေကိုလည်း ကြည်ညိုသဒ္ဓါပွား ဖူးမြော်လေ့လာခဲ့ရပါတယ်။

**မပြည့်ဖြိုးခိုင် (ကျောက်ပန်းတောင်းမြို့နယ်၊ ဆယ်ရွာ)**

မာရဝိဇယဘုရားကြီးကို ခုလိုလာဖူးရတာ လူငယ်တစ်ယောက်အနေနဲ့ ဝမ်းသာမှု၊ ပျော်ရွှင်မှုအပြည့်ဖြစ်မိပါတယ်။ ဘုရားကြီးပရိဝုဏ်ထဲမှာရှိတဲ့ ဂန္ဓကုဋီတိုက်၊ ကျောက်စာရုံစေတီတွေကို ဖူးမြော်ကြည်ညိုလေ့လာတဲ့အခါ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်တွေကို သိခဲ့ရပါတယ်။

မာရဝိဇယဘုရားကြီးကို တည်ဆောက်ထားတာ အလွန်ပဲကြီးကျယ်ခမ်းနားလှပါတယ်။ တစ်တပ်တစ်အား အများကောင်းမှုအဖြစ် လှူဒါန်းလိုစိတ်တွေ တဖွားဖွားပေါ်ပေါက်လာတဲ့အတွက် အလှူငွေတွေကိုလည်း လှူဒါန်းပူဇော်ခဲ့ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားများနဲ့ ကမ္ဘာလှည့်ခရီးသွားများကိုလည်း A အဆင့်ရှိ စကျင်ကျောက်တွေ အသုံးပြုပြီး တည်ထားကိုးကွယ်ထားတဲ့ ကမ္ဘာပေါ်ရှိ ထုဆစ်ထားတဲ့ ဘုရားတွေထဲမှာ အကြီးဆုံးမာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြပါစေလို့ မုဒိတာစကားပါးလိုက်ရပါတယ်။

**ဦးသောင်းရွှေ (လယ်ဝေးမြို့နယ်)**

ကျွန်တော်တို့ မိသားစုလိုက် မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာဖြစ်ပြီး ကြည်နူးဝမ်းသာဖြစ်ရပါတယ်။ နိုင်ငံတော် အကြီးအကဲက ဒီဘုရားကြီးကို တည်ထားပေးလို့ ပြည်သူလူထု ဖူးမြော်ရခြင်းဖြစ်ပါတယ်။ သက်ကြီးဘိုးဘွားတွေနဲ့ မသန်စွမ်းပြည်သူတွေအတွက် အစစအရာရာ စီစဉ်ပေးထားတာတွေကိုလည်း ကျေနပ်အားရ ဖြစ်မိပါတယ်။ ဒါ့မှလည်း ဘုရားဖူးလာပြည်သူတွေ အဆင်ပြေအေးချမ်းစွာ ဖူးမြော်နိုင်မှာ ဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေကို ဘုရားရင်ပြင်တော်အရောက် ကြိုပို့ကားလေးတွေနဲ့ လိုက်ပို့ပေးတာ အဆင်ပြေပါတယ်။

**ကိုဇော်ဝင်း (ပျော်ဘွယ်မြို့နယ်)**

ဒီမာရဝိဇယဘုရားကြီးက ကမ္ဘာပေါ်မှာ အကြီးဆုံး စကျင်ကျောက်ဗုဒ္ဓဆင်းတုတော်ကြီးဆိုတော့ ကျွန်တော်တို့က ကြည်ညိုချင်တဲ့စိတ်ဖြစ်ပေါ်ပြီး လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ မိသားစုနဲ့အတူ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။နောက်လည်း မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။

မာရဝိဇယဘုရားကြီးဖူးပြီးတာနဲ့နေပြည်တော်မှာရှိတဲ့ အထင်ကရနေရာတွေကိုလည်း သွားရောက်လည်ပတ်ပြီးမှ ပျော်ဘွယ်ကိုပြန်မှာပါ။

အနယ်နယ်အရပ်ရပ်က ပြည်သူတွေအနေနဲ့လည်း မာရဝိဇယဘုရားကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြပါ။ ဘုရားကြီးဖူးလိုက်ရတဲ့ ဝမ်းမြောက်ပီတိ အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။

**ကိုအောင်ဝင်း (ရမည်းသင်းမြို့နယ်)**

မိသားစုနဲ့အတူ မာရဝိဇယဘုရားကြီးကို လာရောက် ဖူးမြော်တာဖြစ်ပါတယ်။ ကျွန်တော်တို့က တောသူတောင်သားတွေလည်း ဖြစ်ပါတယ်။ ဒီဘုရားကြီးကို မရောက်လည်းမရောက်ဖူးလို့ ရောက်ဖူးချင်လို့ လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ဒီဘုရားကြီးရဲ့ မျက်နှာတော်က ရုပ်မြင်သံကြားမှာဖူးတွေ့ရတာ ကြည်ညိုစရာ အင်မတန်ကောင်းတဲ့အတွက် လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးအတွင်း တည်ဆောက်ပေးထားတဲ့ သာသနိကအဆောက်အအုံတွေ၊ သိမ်ဇရပ်တွေ၊ နဂါးရုံဘုရားနဲ့ ကျောက်စာရုံစေတီငယ်တွေကို ထည့်သွင်းတည်ဆောက်ပေးထားလို့ ဒီလို ကြီးကျယ်ခမ်းနားတဲ့ ဘုရားကြီးမျိုးကို ဖူးမြော်ဖူးခြင်း မရှိသေးပါဘူး။ မာရဝိဇယဘုရားကြီးကို အနယ်နယ်အရပ်ရပ်က လာရောက်ဖူးမြော်တဲ့ ဘုရားဖူးပြည်သူတွေကို တစ်ခါတစ်ခေါက်တော့ လာရောက်ဖူးမြော်ပါလို့ ပြောချင်ပါတယ်။

**မခင်ဇာနည်ထွေး  (တပ်ကုန်းမြို့နယ်)**

ဒီမာရဝိဇယဘုရားကြီးကို လူတွေအများကြီး ဖူးမြော်ကြတာသိရလို့ လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ဘုရားကြီးကို လာရောက်ဖူးမြော်တာ ဒါကပထမဦးဆုံး ဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့အတူ လာရောက်ဖူးမြော်ခြင်း ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးက ကမ္ဘာမှာ အကြီးဆုံးကျောက်ဆစ်ရုပ်ပွားတော်ကြီးဖြစ်လို့ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ အလွန်ကောင်းပါတယ်။ ဘုရားကြီးကို လာရောက်ဖူးမြော်တဲ့ သက်ကြီးဘိုးဘွားတွေအတွက် ဘုရားရင်ပြင်ပေါ်ကို မတက်နိုင်ရင် ဘေးမှာ စက်လှေကား စီစဉ်ပေးထားတာ တွေ့ရပါတယ်။ အဲဒါကလည်း အဆင်ပြေပါတယ်။

**မောင်ဇော်နိုင်အောင် (ကျောင်းသား၊ အ.ထ.က(ကံသာ) လယ်ဝေးမြို့နယ်)**

ကျောင်းက ဆရာမတွေနဲ့သူငယ်ချင်းတွေ စုပေါင်းပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးကို သူငယ်ချင်းတွေနဲ့အတူ ဘုရားလာဖူးတော့ ပျော်ရွှင်မှုတွေနဲ့ ဗဟုသုတတွေ အများကြီးရပါတယ်။ နောက်ထပ်တစ်ခါ သူငယ်ချင်းတွေနဲ့ဆုံပြီး ဘုရားလာဖူးဦးမှာပါ။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေအနေနဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ပါလို့ ပြောချင်ပါတယ်။

**မမေသီသီလင်း ကျောင်းသူ (G-11) (ကောင်းထူးချွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်)**

ညီမတို့က ကောင်းထူးချွန် ကိုယ်ပိုင်အထက်တန်းကျောင်းက လာတာဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့အတူ လာဖူးတာဖြစ်ပါတယ်။ ဘုရားကြီးက သိပ်ကို ကြည်ညိုစရာ ကောင်းပါတယ်။ ညီမတို့ လာဖူးတာ နှစ်ခေါက်ရှိပါပြီ။ မာရဝိဇယဘုရားကြီးမပြီးခင်က မိသားစုနဲ့ တစ်ခေါက်၊ အခုကတော့ ကျောင်းက သူငယ်ချင်းတွေနဲ့တစ်ခေါက် လာတာဖြစ်ပါတယ်။ ကျွန်မတို့ ကျောင်းသား ကျောင်းသူ အယောက် ၈၀ ကျော် လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။

**ဟိန်းထက်ဇော်၊ နေဝင်းထွန်း (မြန်မာ့အလင်း)**

**ဓာတ်ပုံ - ဟိန်းထွန်း**

# နိဗ္ဗာန်ရည်စူး ကြည်နူးဖူးမြော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

ခင်ရတနာ

၁၂-၈-၂၀၂၃ ရက်နေ့ (စနေနေ့)ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်။ နေမပူ၊ မိုးမရွာ၊ နံနက်ခင်းလေပြည်လေညင်းနှင့် ခြေခင်းလက်ခင်းကလည်းသာလှသည်။ မိုးပြာရောင် ကောင်းကင်နောက်ခံတွင် တင့်တယ်စွာ စံပယ်နေတော်မူသည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရန် ရပ်ဝေးရပ်နီး ခရီးအသွယ်သွယ်တို့မှ ရောက်ရှိလာကြသည့် ရဟန်းရှင်လူ ပြည်သူများက ရင်ပြင်တော်ပြည့်လုနီးမျှ အုန်းအုန်းကျွက်ကျွက် စည်ကားလျက်ရှိသည်။ ကြည်နူးချမ်းမြေ့ခြင်း၊ အေးချမ်းသာယာခြင်း၊ ဝမ်းမြောက်ပျော်ရွှင်ခြင်းတို့က လူတိုင်းကိုယ်စီ၏ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်တို့တွင် ထင်ဟပ်လျက်၊ ကုသိုလ်တရားနှင့် စိတ်ကောင်းစိတ်မြတ်တို့က ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းနေသည်ဟု မှတ်ယူခံစားမိသည်။



မာရဝိဇယဘုရားကြီးအား ဖူးမြော်ရန်လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများကို ဩဂုတ် ၁၆ ရက်က စည်ကားစွာ တွေ့ရစဉ်။

ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် မြန်မာမှာသာမက ကမ္ဘာတွင်ပါ ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီး စံပယ်တော်မူရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံနယ်မြေသို့ စတင်ဝင်ရောက်လာချိန်မှစကာ မြင်သမျှ၊ တွေ့သမျှ ရှုခင်းမြင်ကွင်းတို့က လောကတံထွာဓမ္မတာတည်းဟူသော ဘဝအမောတို့ကို ပြေပျောက်စေကာ အအေးဓာတ်၊ အငြိမ်းဓာတ်တို့ကို ရရှိခံစားစေသည်။ ထို့ပြင် မြန်မာမှုအနုပညာ၊ ခေတ်မီနည်းပညာများနှင့် ထုထည်အင်အားကြီးမားလှစွာသော လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာ၊ သဒ္ဓါတရားတို့ပေါင်းစပ်ကာ သမိုင်းတွင်အောင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည့် ရုပ်ပွားဆင်းတုတော်မြတ်ကြီး၏ ကြီးမားခံ့ညားထည်ဝါမှုကလည်း ဖူးမြော်ကြည်ညို၍မဝ၊ အံ့သြ၍ မကုန်နိုင်ဖွယ်ပင်ဖြစ်သည်။

## ဘူမိဖဿမုဒြာ

ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ပူဇော်ကြရာ၌ မုဒြာဟန်အမျိုးမျိုးရှိသည့်အနက်မှ မာရဝိဇယဆင်းတုတော်ကြီးအား ဘူမိဖဿမုဒြာဟန်ဖြင့် စကျင်ကျောက်သားဖြင့် ထွင်းထုပူဇော်ထားခြင်းဖြစ်သည်။ ဗုဒ္ဓဘုရားရှင်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ဗောဓိပင်ရင်း အပရာဇိတပလ္လင်ထက်ဝယ် သီတင်းသုံးစံပယ်တော်မူစဉ် မာရ်နတ်မင်းသည် ဘုရားရှင်အား သုံးလောက၏ ညွတ်ရုံးဦးခိုက်မည့်အဖြစ်ကို မလိုလားသည့်အတွက် မာရ်စစ်သည်အပေါင်းတို့နှင့်အတူ လက်နက်အမျိုးမျိုးစွဲကိုင်ကာ လာရောက်တိုက်ခိုက်ခဲ့ရာ မြတ်စွာဘုရားရှင်က မဟာပထဝီမြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်စစ်သည်အပေါင်းအား အောင်နိုင်တော်မူခဲ့သည့်ဟန်ကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

ထို့ကြောင့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးတွေ့ရသည်မှာ ဘူမိဖဿမုဒြာဟန်၏ ဂုဏ်အင်များဖြစ်သည့် ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ (ရှေးမဆွကပင် တင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုနှင့် ပြည့်စုံခြင်း)၊ အတ္တသမာပဏိဓိမင်္ဂလာ (တစ်နေ့ထက်တစ်နေ့ ကောင်းမှုများ ဖြည့်ဆည်းခြင်း)၊ ခန္တီစ (သည်းခံခြင်း)၊ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿန ကမ္ပတိ (လောကဓံတရားရှစ်ပါးတို့အား မတုန်မလှုပ်သောစိတ်ဖြင့် ခိုင်ခိုင်မတ်မတ် ရင်ဆိုင်ခြင်း) စသည့်မင်္ဂလာတရားတော်တို့ကို လည်းကောင်း၊ ဘုရားရှင်၏ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ ဥပေက္ခာပါရမီတို့ကိုလည်းကောင်း နက်ရှိုင်းစွာ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရှုမြင်နိုင်မည်ဖြစ်ပါသည်။

## စိတ်နှလုံးကြည်နူးရသည့်နေ့

"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" ဟု ရွှေစာလုံးဖြင့် ပုံဖော်ရေးသားထားသော ခမ်းနားထည်ဝါသည့် မုခ်ဦးကြီးက ဘုရားဖူးတို့၏ စိတ်နှလုံးကို ဆွဲဆောင်ညို့ငင်ထားသည်။ ကမ္ဘာပေါ်တွင် ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက် ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်ဝါးထင်ထင် ဖူးမြော်ခွင့်ရရှိတော့မည်ဟု အတွေးစိတ်ကူးများဖြင့် ဘုရားဖူးများ၏ မျက်နှာပေါ်ဝယ် ချမ်းမြသည့် အပြုံးကိုယ်စီဖြင့်ရှိနေသည်။ စစ်ဆေးရေးဂိတ်၌ အမည်စာရင်းပေးခြင်း၊ ဝင်ခွင့်ကတ်ပြားလဲလှယ်ခြင်းနှင့် လုံခြုံရေးအတွက် စနစ်တကျ စစ်ဆေးခြင်းများ ပြုလုပ်ကြရပြီး ခရီးသွားများက ဝင်ခွင့်ရရှိရန် အပြုံးချိုချိုဖြင့် ဝန်ဆောင်မှုပေးနေသည့် လုံခြုံရေးဝန်ထမ်းများကို ဖြတ်ကျော်ကာ ဗုဒ္ဓဥယျာဉ်တော်အတွင်း မကြာမီရောက်ရှိခဲ့သည်။

မုခ်ဦးအဝင် လမ်းနံဘေးတွင် သစ်ပင်ပန်းမန်များဖြင့် အလှဆင်စိုက်ပျိုးထားပြီး ဘုရားဖူးအမျိုးသမီးအချို့ စုပေါင်းဓာတ်ပုံရိုက်၊ အနားယူအပန်းဖြေလျက်ရှိသည်ကို တွေ့ရသည်။ "သံဃာတော်တွေနဲ့ သီလရှင်တွေ၊ သက်ကြီးဘိုးဘွားတွေ၊ နာမကျန်းသူတွေ စီးနင်းနိုင်ပါတယ်ခင်ဗျာ" ဟု မော်တော်ယာဉ်ငယ်(ဘက်ဂီ) မောင်းနှင်သူ လူငယ်လေးက ဖိတ်ခေါ်သည်ကို တွေ့ရသည်။ ဘက်ဂီယာဉ်လေးများကား ဘုရားကြီးရှိရာနှင့် မုခ်ဦးဝသို့ လူးလားခတ်မျှ မောင်းနှင်ပို့ဆောင်ပေးနေသလို မော်တော်ကားပေါ်မှ သက်ကြီးအဘိုးအဘွားများက လမ်းလျှောက်အဖွဲ့များကို လက်ပြနှုတ်ဆက်ကြသည်။

ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံအတွင်းသို့ မုခ်ဦးအဝမှ လှမ်းမျှော်ကြည့်ပါက လက်ဝဲဘက်ခြမ်းကုန်းတော်ပေါ်၌ မိုးတိမ်သားတို့နောက်ခံထားကာ တိမ်ဖြူများနှင့် တစ်သားတည်းဖြစ်သယောင် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြင်ရသည်။ မုခ်ဦးအဝင် လမ်းလက်ယာဘက်ခြမ်း ဘုရားကြီး၏ မျက်နှာချင်းဆိုင်တွင်တော့ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံကို ပါဠိ၊ Romanize ဘာသာတို့ဖြင့် ရေးထိုးထားသည့် ကျောက်စာချပ်များရှိရာ ကျောက်စာရုံစေတီများ၊ လက်ဝဲခြမ်းတွင် မဟာဗုဒ္ဓဝင် ကျမ်းဂန်များနှင့်အညီ တည်ထားကိုးကွယ်သည့် မုစလိန္ဒကန်တော်နှင့် နဂါးရုံဘုရားတို့အား ကြည်ညိုဖွယ် စတင်ဖူးမြင်ရသည်။

ထိုမှသည် ဘုရားဖူးခရီးသည်များ ခေတ္တနားနေတည်းခိုနိုင်ရန်အတွက် မြန်မာမှုအနုသုခုမ လက်ရာအပြည့်အစုံတို့ဖြင့် ခြယ်မှုန်းအပ်သည့် သုခမ္မာဇရပ်များသို့ ရောက်ရှိခဲ့သည်။ ဇရပ်များပေါ်၌ များပြားလှသည့် ဘုရားဖူးများက အစုလိုက်၊ အဖွဲ့လိုက် ဘုရားဖူးအတွေ့အကြုံများ ပြောဆိုနေကြပြီး အချို့မှာ စတုဒိသာကျွေးမွေးသည့် သက်သတ်လွတ် ဒံပေါက်ထမင်းဟင်းလျာများကို တပျော်တပါး သုံးဆောင်နေကြသည်။ အေးမြသော လေအဝေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီး၏ သဒ္ဓါမိပတိ ခေါင်းလောင်းတော်ကြီး၏ သာယာသည့် မြည်သံကို ကြားရသည်။

ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ရန်အတွက် စက်လှေကားထည့်သွင်း တည်ဆောက်ထားပြီး ရင်ပြင်တော်ပေါ်သို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် စကျင်ကျောက်သား ရင်ပြင်၏ အေးမြသောအရသာကို စတင်ထိတွေ့ခံစားမိသည်။ ထို့နောက် တပ်မတော်သားများနှင့် မြန်မာဗိသုကာအင်ဂျင်နီယာများ၏ ရှေးမူမပျက် ရတနာပုံခေတ်လက်ရာနှင့် ခေတ်မီနည်းပညာတို့ စနစ်တကျပေါင်းစပ် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ စကျင်ကျောက်ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးသော **"မာရဝိဇယ"** ရုပ်ပွားတော်မြတ်ကြီးအား အနီးကပ်ဖူးမြင်ခွင့် ရခဲ့ပါပြီ။

မျက်လွှာချဟန် အေးချမ်းလွန်းသည့် မျက်နှာတော်အနေအထား၊ ဘူမိဖဿဟန် ဖြူလွှတောက်ပလွန်းလှသည့် စကျင်ကျောက်သားရုပ်ပွားတော်ကြီးအား ကြည်ညိုသဒ္ဓါအပြည့်ဖြင့် ဘုရားဂုဏ်တော်များ ပွားများနေကြသည့် ဗုဒ္ဓဘာသာဝင်များနှင့် ဝိပဿနာအားထုတ်၍ အေးချမ်းမှုရှာဖွေနေကြသူများကို အောင်မြေအပါအဝင် ရင်ပြင်တော်ပေါ်ရှိ

*စာမျက်နှာ ၁၁ သို့*

❖ **ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် မြန်မာမှာသာမက ကမ္ဘာတွင်ပါ ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီး စံပယ်တော်မူရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံနယ်မြေသို့ စတင်ဝင်ရောက်လာချိန်မှစကာ မြင်သမျှ၊ တွေ့သမျှ ရှုခင်းမြင်ကွင်းတို့က လောကတံထွာဓမ္မတာတည်းဟူသော ဘဝအမောတို့ကို ပြေပျောက်စေကာ အအေးဓာတ်၊ အငြိမ်းဓာတ်တို့ကို ရရှိခံစားစေ**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ဥတ္တရသီရိ သြဂုတ် ၁၆

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် သြဂုတ် ၁၅ ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် MSME အသင်းအဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းများနှင့် ၂၀၂၃ - ၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးဇော်ဇော်ထွန်း၏ သဒ္ဒါကြည်ဖြူအိတ်မျိုးစုံချုပ်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုပြီး ပြည်ပထုတ်ကုန်များအစား ပြည်တွင်းထုတ်ကုန်များ အစားထိုးသုံးစွဲခြင်းအပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးစား၍ MSME အသင်း အဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ရွှေနံ့သာရပ်ကွက်သစ်ရှိ စာသင်ကျောင်း တည်ဆောက်မည့် မြေနေရာ အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာရှိ လုပ်ငန်းရှင် ဦးကျော်ကျော်၏ အဂ္ဂဇေဟာပန်းပုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုပြီး MSME ထုတ်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်များတွင် ပန်းပုပစ္စည်းများ ခင်းကျင်းပြသရောင်းချနိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် အောင်ချမ်းသာကျေးရွာရှိ လုပ်ငန်းရှင် ဦးဟိန်းသွင်ထွန်း၏ ဝါးကမ္ဘာ အဆင့်မြင့်ဝါးတူစက်ရုံ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဝါးနှင့်ပတ်သက်သည့် ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများရရှိရေး Bamboo ဝါးသမဝါယမအသင်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ အဖွဲ့ဝင်သည် ဥတ္တရသီရိမြို့နယ် မရမ်းခုံကျေးရွာ စိုက်ပျိုးစီးပွား တောင်သူအသိပညာပေးစင်တာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးယူ၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် ဝက် ၁ ယူနစ်လျှင် သိန်း ၃၅၀ ဝက်ကောင်ရေ ၁၀၀၊ အသားတိုးကြက်/ ဘဲ တစ်ယူနစ်လျှင် သိန်း ၁၅၀ ကောင်ရေ ၃၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ သတ်မှတ်ထားသည့် စည်းကမ်းချက်များ ညီညွတ်ပါက ချေးငွေလျှောက်ထားနိုင်ကြောင်း ပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တောင်ညိုအုပ်စုမှ တောင်သူ ၆၁ ဦးအတွက် သွင်းအားစု အာမိုယူရီးယားဓာတ်မြေဩဇာများပေးအပ်ခဲ့သည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**

## အာရှလမ်းပျက်စီးမှုကြောင့် မြဝတီကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှု လျော့ကျသွားသော်လည်း ပြည်တွင်းကုန်စည်စီးဆင်းမှု အဟန့်အတားမရှိ

မြဝတီ သြဂုတ် ၁၆

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး မိုင်တိုင်အမှတ် ၁၅၀ နှင့် ၁၅၁ ကြားရှိ ကတ္တရာလမ်းမကြီးသည် သြဂုတ် ၇ ရက်က ပြိုကျပျက်စီးခဲ့သည့်အတွက် မြဝတီကုန်သွယ်ရေးဇုန် နယ်စပ်ဂိတ်ပေါက်မှ ကုန်သွယ်မှု အခက်အခဲဖြစ်ပေါ်ခဲ့သော်လည်း အခြားဂိတ်များမှ ပြောင်းလဲကုန်သွယ် ခွင့်ပြုခဲ့သည့်အတွက် ပြည်တွင်းကုန်စည်စီးဆင်းမှုတွင် အဟန့်အတားမရှိနိုင်ကြောင်း မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံထံမှ သိရသည်။



ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းလျက်ရှိသည့် ကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်း၊ စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်း၊ ဆိုင်ကယ်အပိုစ္စည်း၊ ကုန်စုံနှင့် စက်ပစ္စည်းများ အများဆုံးဖြစ်သည်။ မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ ပို့ကုန်အနေဖြင့် ၁၈၉ ဒသမ ၆၉၉ ဒေါ်လာသန်း၊ သွင်းကုန်အနေဖြင့် ၄၂၆ ဒသမ ၁၉၄ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏအနေဖြင့် ၆၁၅ ဒသမ ၈၉၂ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူးထံမှ သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ပေါက်တော၌ ကျေးရွာမတည်ရန်ပုံငွေ (စတုတ္ထ)အကြိမ် ထုတ်ချေး

ပေါက်တော သြဂုတ် ၁၆

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဝင် ကျေးရွာဖြစ်သည့် ကျောက်စုကျေးရွာမှ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ယမန်နေ့ နံနက်ပိုင်းတွင် တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို မြို့နယ်ဦးစီးမှူး ဦးသန်းထွန်း က ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်စုကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း(စတုတ္ထ) အကြိမ်မြောက် ထုတ်ချေးရာတွင် စုစုပေါင်း အသင်းသား အသင်းသူ ၁၆၆ ဦးအတွက် ရန်ပုံငွေကျပ် စုစုပေါင်း ၃၃၇၅၀၀၀၀ ကို နေ့ချင်းထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

နေရာအသီးသီးတွင် မြင်တွေ့ရသည်။ ဆင်းတုတော်ကြီး၏ လက်ယာဘက်တွင် တံခွန်တိုင်နှင့် လက်ဝဲဘက်တွင်သဒ္ဒါမိပတိခေါင်းလောင်းတော်ကြီး ရှိသည်။ ရင်ပြင်တော်ပတ်လည်တွင် ပဋ္ဌာန်းမြတ်ဒေသနာကို ရည်စူးတည်ထားသည့် ဂန္ဓကုဋိတိုက်များကိုလည်း အနုလက်ရာအမျိုးမျိုးဖြင့် ပုံဖော်တည်ဆောက်ထားပြီး အတွင်း၌ သရုပ်ဖော်ဗုဒ္ဓဝင်ပန်းချီများအား ဘုရားဖူးများက စိတ်ဝင်တစားကြည့်ရှုလေ့လာခွင့်ရရှိကြသည်။

ဘုရားရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်ရှုပါက ကျောက်စာရုံစေတီများ၊ မြန်မာမှုအနုလက်ရာ၊ ခေတ်မီဗိသုကာလက်ရာတို့ဖြင့် မြန်မာ့ယဉ်ကျေးမှုကို အထွတ်တင်ပေါင်းစပ်ဖော်ညွှန်းထားပြီး သာသနာတော်အခမ်းအနားများ ကျင်းပနိုင်ရန် သံဃာအပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဆံ့ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ရေပန်းရင်ပြင်များ၊ ရေပန်းဝိုင်းများ၊ ရတနာပုံခေတ်လက်ရာအတိုင်း တည်ဆောက်ထားသည့် သုဓမ္မာဇရပ် ခြောက်ဆောင်၊ မော်ကွန်းတိုက်၊ ရတနာပုံနန်းမြို့အဝင် မင်္ဂလာတံတား၊ အဝင်မုခ်ဦးနှစ်ခုစသည့် အခြံအရံကုသိုလ်တော်များကို မြင်တွေ့ရပြီးနောက် လာရောက်ဖူးမြော်ကြသည့် ဧည့်ပရိသတ်အပေါင်းတို့က အလှူရှင်အပေါင်းတို့အား သာစုအကြိမ်ကြိမ် ခေါ်ဆိုကြသံကိုလည်း ဘုရားဖူးခရီးစဉ်အတွင်း စဉ်ဆက်မပြတ်ကြားခဲ့ရသည်။

ဘုရားကြီးရင်ပြင်တော်ပေါ်မှအဆင်း သာသနာ့ဗိမာန်တော်ကြီးသို့ သွားရာလမ်းခုလတ်၌ အလှူခံဌာနထားရှိပြီး အလှူရှင်များက တိုးမပေါက်အောင် လှူဒါန်းကြသည့် မြင်ကွင်းမှာ ကျက်သရေရှိလှပါသည်။ သာသနာ့ဗိမာန်တော်ကြီး၌ အဓိဋ္ဌာန်ပုတီးစိပ်သူ၊ တရားထိုင်သူများနှင့် လေ့လာသူများဖြင့် မပြတ်စည်ကားလျက်ရှိကာ ထိုမှတစ်ဖန် မြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများအား စကျင်ကျောက်ချပ်များပေါ်တွင် ပါဠိအက္ခရာ၊ Romanize ဘာသာတို့ဖြင့် မှားမယွင်းအောင် ပညာရှင်တို့ အထပ်ထပ်စိစစ်၍ ရေးထိုးထားသည့် ကျောက်စာရုံတို့တွင်လည်း အမှတ်တရဓာတ်ပုံ ရိုက်ကူးသူ၊ လေ့လာသူများပြားလှသည်။ စစ်ဘက်နှင့် အရပ်ဘက် အင်ဂျင်နီယာများနှင့် မြန်မာမှုဗိသုကာပညာရှင်များ၏ လက်ရာများကို နောင်လာနောက်သားတို့ တစ်လက်စတည်း လေ့လာနိုင်မည့် ပညာ့ဘဏ်တိုက်၊ သာသနာဘဏ်တိုက်ကြီးဟု ရှုမြင်မိပါသည်။

မာရဝိဇယဘုရားကြီးအား ဖူးမြော်ရင်းက ကမ္ဘာကျော် ဗုဒ္ဓဆင်းတုတော်ကြီးများ အကြောင်းကို စေ့ငုကြည့်မိသည်။ တရုတ်နိုင်ငံ လင်ရှန်းပြည်နယ်ရှိ Grand Buddha ၊ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တော်ရှိ မတ်ရပ်စကျင်ဆင်းတုတော်ဘုရားကြီး၊ ထိုင်းနိုင်ငံ ဖူးခက်မြို့ရှိ Big Buddha ၊ ဂျပန်နိုင်ငံရှိ ကမာကူရ ကြေးဆင်းတုတော်ကြီး၊ ဟောင်ကောင်ရှိ Tian Tan Buddha စသည့် ထင်ရှားသည့် မြတ်စွာဘုရားဆင်းတုတော်များကဲ့သို့ပင် **“မာရဝိဇယ”** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၆၃ ပေနှင့် ပလ္လင်အမြင့် ၁၈ ပေခန့်ရှိပြီး ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးဖြစ်လာခဲ့ရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် သီတင်းသုံးစံပယ်ရာ မိမိတို့နိုင်ငံသားတိုင်း၊ ဗုဒ္ဓဘာသာတိုင်းအဖို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။

### နှစ်ပေါင်းရာထောင်ချီတည်တံ့အောင် ထိန်းသိမ်းရမည့်အမွေ

ဘုရားဖူးမြော်ရန် လာရောက်သူများအား သတ်မှတ်ထားသည့် စည်းကမ်းချက်အချို့ကို မြင်တွေ့ရသည်။ ခဲတံ၊ marker pen များနှင့် Correction Pen များ၊ နှုတ်ခမ်းနီ၊ လက်သည်းဆိုးဆေး၊ အိမ်သုတ်ဆေး၊ မှုတ်ဆေး စသည့် စွန်းထင်းစေနိုင်သည့်ပစ္စည်းများ ယူဆောင်ခွင့်မပြုခြင်းပင်။ ပုဂံခေတ်လက်ရာ နံရံဆေးရေးပန်းချီများ မပျောက်ပျက်ရအောင် မနည်းကြိုးစား ထိန်းသိမ်းနေကြရသည်။ ရွှေတိဂုံဘုရားမှအစပြု၍ မဟာမြတ်မုနိ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများမှသည် မင်းကွန်းခေါင်းလောင်းကြီးပါမကျန် သာသနိကအဆောက်အအုံများ၌ မရှိသင့်သည့် အမှတ်အသားများ၊ ခြစ်ရာများနှင့် အမည်များကို လက်ရေးအမျိုးမျိုးဖြင့် မင်အမျိုးမျိုးသုံးကာ အကျည်းတန်စွာ ရေးခြစ်ကြသည်ကို မြင်ခဲ့ရဖူးသည်။ ဘာသာတရားအပေါ်၊ ယဉ်ကျေးမှုအပေါ် ထိန်းသိမ်းရာမရောက် ဖျက်ဆီးရာရောက်သည်ကို သတိပြုရန် လိုအပ်ပါသည်။

**မာရဝိဇယ**ဗုဒ္ဓရုပ်ပွားတော်ကြီးသည် နောင်နှစ်ပေါင်း ရာထောင်ချီ၍ မြန်မာ့မြေပေါ်ဝယ် ဝင့်ထည်စွာတည်ရှိနေမည့် နိုင်ငံ၏ ကျက်သရေဖြစ်သည်။ နှစ်ပေါင်းများစွာ တည်တံ့နေစေရန် မိုးဒဏ်၊ လေဒဏ်၊ လျှင်ဒဏ်စသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိရန် အလှူရှင်များ၊ အစိုးရတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက အချိန်ကုန်၊ ငွေကုန်ခံကာ ရှုထောင့်ပေါင်းစုံမှ စဉ်းစားသုံးသပ်တွက်ချက်၍ တည်ထားသကဲ့သို့ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် အစီအမံများ ချမှတ်နေကြသည်။ ထိုကဲ့သို့ နိုင်ငံတိုင်းတွင် အထင်ကရနေရာများ၊ အဆောက်အအုံများ၊ ဘာသာရေးအထိမ်းအမှတ်အရာများအား နှစ်ပေါင်းထောင်ချီတည်တံ့စေရန် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ၏ အန္တရာယ်ကင်းဝေးစေရန် နေ့နေ့ညည စောင့်ရှောက်နေကြသည်ကို တွေ့ရှိရသည်။

“မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှ အစပြု၍ ပိဋကတ်သုံးပုံကျောက်စာချပ်များ၊ သုဓမ္မာဇရပ်များ၊ ဗိမာန်တော်ကြီးတို့မှသည် ကျောက်သားရင်ပြင်တော်အထိ တန်ဖိုးထားစောင့်ရှောက်ရမည့် အမွေအနှစ်များပင်ဖြစ်သဖြင့် နှစ်ပေါင်းများစွာ အဓွန့်ရှည်စေရန်မှာ ဗုဒ္ဓဘာသာဝင်များအားလုံး၊ မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပြီး ကိုယ်ပိုင်အသိဖြင့် ဂုဏ်ယူစွာ နှစ်ပေါင်းရာထောင်ချီ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟု ဆုမွန်တောင်းရင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားဖူးခရီးစဉ် မြင်ကွင်းအချို့အား မျှဝေလိုက်ရပါကြောင်း။ ။

# မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူ ကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်မှု ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိစဉ် ခရီးစဉ်၌ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူ ကျောင်းတိုက် ပင်မကျောင်းဆောင်နှင့် ကျောင်းတိုက်အတွင်းရှိသကျမုနိဘုရားကြီး သိမ်တော်တို့အား မူလလက်ရာ အတိုင်း ရှေးမူမပျက် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် လမ်းညွှန်မှာကြားချက်အရ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရပ်မိ/ ရပ်ဖများနှင့်အတူ အဆိုပါကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဇောတိပါလအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရားသိမ်တော်ကြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆွေးနွေးလျှောက်ထားတင်ပြကြသည်။



ဦးစွာ ပြန်လည်ပြုပြင်ရေး အဖွဲ့တာဝန်ရှိသူများနှင့် သာသနာရေးဦးစီးဌာန ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးတို့က ဦးရဲကျော်သူ ကျောင်းတိုက်ရှိ သကျမုနိဘုရား သိမ်တော်ကြီးအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ သိမ်တော်ကြီးအတွင်း အရောင်မတူ ပျက်စီးနေသည့် ကြွေပြားအဟောင်းများခွာ၍ ကြွေပြားအသစ်များ အစားထိုးပြုပြင်ခြင်းနှင့် အတွင်း/အပြင်၌ မီး- ရေလိုင်းများ အသစ်အစားထိုး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကျောင်းတိုက်ဆရာတော်အား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရား သိမ်တော်ကြီးအား မူလလက်ရာအတိုင်း ရှေးမူမပျက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဩဂုတ် ၁၆**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယခုနှစ်၌ ဗဟိုအမျိုးသမီးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် ကလေး ၆၇၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ၂၀၂၃ ခုနှစ်အတွင်း ဇွန်လအထိမွေးဖွားပေးခဲ့သည့် ကလေးပေါင်း ၃၃၀၀ ကျော်အနက်မှ ကလေး ၆၇၀ ကျော်ကို အထူးကြပ်မတ်ကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရကြောင်း သိရသည်။

"ဆေးရုံကနေ ၂၀၂၃ ခုနှစ် ဇွန်လအထိ မွေးဖွားပေးခဲ့တဲ့ကလေးပေါင်း ၃၃၀၀ ကျော်ထဲက ကလေးငယ် ၆၇၀ ကျော်ကို အထူးကြပ်မတ်ကုသဆောင်မှာ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးခဲ့ရပါတယ်။ အများဆုံးကုသပေးခဲ့ရတာက လမစေ့၊ ပေါင်မပြည့်တဲ့ကလေးတွေ၊ နောက်မွေးဖွားပြီးတော့ အသက်ရှူခက်ခဲတဲ့ ကလေးတွေ၊ မွေးဖွားချိန်မှာ ရေမွှန်းနေတဲ့ ကလေးတွေကို အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့ရပါတယ်" ဟု ဗဟိုအမျိုးသမီးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ကြီးက ပြောသည်။

ထို့အတူ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ လာရောက်ကြသည့် မိခင်များတွင် သွေးတိုးခြင်း၊ ကိုယ်ဝန်အဆိပ်တက်ခြင်း၊ ကိုယ်ဝန်ဆောင်စဉ်ရောဂါရှိသည့် မိခင်များနှင့် အမွှာကိုယ်ဝန်များမှာ အန္တရာယ်ရှိမိခင်များ ဖြစ်ခြင်းကြောင့် ၎င်းမိခင်များမှမွေးဖွားသည့် ကလေးငယ်များအား အထူးကြပ်မတ်ကုသဆောင်ပို့ဆောင်ပြီး လိုအပ်မှုများအား အချိန်မီစောင့်ရှောက်ပေးနိုင်မှုကြောင့် ကလေးငယ်များ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြောင်းလည်း သိရသည်။

"ကုသမှုပေးတဲ့နေရာမှာလည်း အသက်ရှူခက်ခဲတဲ့ ကလေးတွေကို အသက်ရှူစက်တွေ တပ်ဆင်ပေးတယ်။ မွေးဖွားချိန်မှာ ရေမွှန်းတဲ့ ကလေးတွေကို ဦးနှောက်ထိခိုက်မှုကာကွယ်အောင် စောင့်ရှောက်ပေးတာတွေ၊ နောက်သေးငယ်တဲ့ကလေးတွေမှာ အစာအိမ်ကနေပြီး အစာလက်မခံနိုင်ခင်မှာ ကုသမှုပေးရတာတွေ၊ မွေးကင်းစကလေးတွေ အသားဝါတာနဲ့ ပတ်သက်ပြီးတော့လည်း အရည်ကြည်ပြားကို ထောက်ကြည့်ပြီး လိုအပ်သလို သွေးဖောက်စစ်ဆေးတာတို့၊ သွေးဖောက်



ပြီးတော့အဖြေကိုကြည့်ပြီး မီးပြကုသတာတို့၊ လိုအပ်ရင် သွေးလဲလှယ်ပေးရတာတို့ ဒီလိုမျိုးတွေ ဆောင်ရွက်ပေးရတာတွေလည်း ရှိပါတယ်"ဟု ဒေါက်တာ ခင်မောင်ကြီးက ဆက်လက်ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မွေးကင်းစကလေးငယ်များအား အထူးကြပ်မတ်ကုသပေးနေသည့် ဌာနကြီးတစ်ခုထားရှိပြီး ၎င်းဌာနကို ၁၉၈၁ ခုနှစ်က စတင်တည်ထောင်ကာ ၂၀၁၈ ခုနှစ်၌ အဆောက်အအုံအသစ်ဆောက်လုပ်၍ ၂၀၂၀ တွင် အဆင့်မြှင့်တင်ကုသမှုပေးလျက်ရှိကြောင်းနှင့် ယင်းအဆောက်အအုံတွင် နိုင်ငံတကာအဆင့်မီသည့် ပိုးသန့်စင်ခန်းများ ပါဝင်ခြင်းကြောင့် မွေးကင်းစကလေးငယ်များ ပိုးဝင်ရောက်မှုနည်းရန်နှင့် မွေးကင်းစကလေးများသေဆုံးမှုနည်းရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မွေးဖွားပေးလိုက်သည့် ကလေးများ၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ကို အထူးကြပ်မတ်ကုသပေးလျက်ရှိပြီး ယင်းဆေးရုံမှ ၂၀၂၂ ခုနှစ်အတွင်း အရှင်မွေးကလေးပေါင်း ၇၀၅၈ ဦးရှိကာ ၎င်းကလေးများအနက်မှ ကလေးငယ် ၁၆၄၀ ခန့်ကို မွေးကင်းစကလေး အထူးကြပ်မတ်ဆောင်၌ အထူးကြပ်မတ်ကုသပေးခဲ့ရကြောင်း သိရသည်။

**အာကာလင်း**

# ရွှေပညာဒါန (အခမဲ့)ရွှေသင်တန်း အသိပညာပေးသင်တန်း အမှတ်စဉ် (၂၇) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ရွှေပညာဒါန (အခမဲ့)ရွှေသင်တန်းအသိပညာပေးသင်တန်းအမှတ်စဉ် (၂၇)ဆင်းပွဲကို ဩဂုတ် ၁၄ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၁၀၂ ဦးတို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်းဘာသာရပ်ကို ဦးမျိုးမြင့် (သိန်းသန်းစိန်ရွှေရတနာဆိုင်) ကလည်းကောင်း၊ ရွှေသန့်စင်ခြင်းကို အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်နှင့် ဆရာမ ဒေါ်သော်တာသန်းကလည်းကောင်း၊ ရွှေအပေါင်ခံခြင်းကို အမှုဆောင် ဦးအေးချိုကလည်းကောင်း၊ ရွှေပန်းထိမ်ဘာသာရပ်ကို တာလီစိန်ရွှေရတနာဆိုင်မှ ဆရာ ဦးတင်မောင်စိုးကလည်းကောင်း၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးအကြောင်းကို ဦးမောင်သန်း(ရွှေဟသံာရွှေဆိုင်) ကလည်းကောင်း၊ အသုံးချရွှေပညာကို ဆရာ ဦးအောင်ဆန်း (ဦးရဲမာန်အောင်) ကလည်းကောင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းဘာသာရပ်ကို ဆရာမ ဒေါ်သီရိဆွေ (ဝိန့်စိန်စိန်ရွှေရတနာရွှေဆိုင်)ကလည်းကောင်း၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်းကို ဆရာဦးအေးမင်းကျော် (သိန်းသန်းစိန်ရွှေရတနာဆိုင်) ကလည်းကောင်း၊ ကျောက်မျက်ပညာကို ကျောက်မျက်လုပ်ငန်းမှ ဦးတော်မီသိန်းနှင့် ဦးမောင်မောင်ဆန်းတို့ကလည်းကောင်း သင်ကြားပို့ချခဲ့သည်။

လာမည့် စက်တင်ဘာလတွင် သင်တန်းအမှတ်စဉ် (၂၈) ကို ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ဟာဝိုင်ယီ၌ တောမီးလောင်မှုကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိလာပြီဖြစ်ပြီး ဂျပန်မှ အကူအညီ ဒေါ်လာနှစ်သန်းပေးအပ်မည်



ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် စေတနာ့ဝန်ထမ်းများကို တွေ့ရစဉ်။

**ဟာဝိုင်ယီ ဩဂုတ် ၁၆**

အမေရိကန်ပြည်ထောင်စု မော်အီကျွန်းတွင် လတ်တလော တောမီးကြောင့် သေဆုံးသူဦးရေမှာ ၁၀၀ ကျော်ရှိလာပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီအဖြစ် ဂျပန်နိုင်ငံမှ ဒေါ်လာနှစ်သန်း ကူညီပေးသွားမည်ဟု ဂျပန်အစိုးရက ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

အမေရိကန် ကြက်ခြေနီအသင်းအပါအဝင် အခြားသောအဖွဲ့အစည်းများမှတစ်ဆင့် အကူအညီ ပေးအပ်သွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးနေရာများတွင် လုံခြုံစိတ်ချရမှုရှိစေရေး၊ အစားအသောက် ပေးဝေနိုင်ရေးနှင့်စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပေးနိုင်ရေး ရည်ရွယ်ထားသည်။

ဂျပန်နှင့် ဟာဝိုင်ယီတို့သည် လွန်ခဲ့သည့် နှစ်များစွာကတည်းက ရင်းနှီးသည့် ဆက်ဆံရေးရှိပြီး နယ်ပယ်အများအပြားတွင် အချင်းချင်း ဖလှယ်မှုများရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာ ဟာယာရှီက ပြောသည်။ အကူအညီ ဒေါ်လာ ၁ ဒသမ ၅ သန်းကို အမေရိကန်ကြက်ခြေနီအသင်းသို့ ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ငွေများကို တိုက်ရိုက်အခြေစိုက် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများကို ပေးအပ်သွားမည်ဟု သိရသည်။

ဟာဝိုင်ယီပြည်နယ် မော်အီကျွန်း၌ ဖြစ်ပွားခဲ့သည့် တောမီးမှာ ၁၉၁၈ ခုနှစ်မှစတင်၍ အမေရိကန်တွင် အဆိုးရွားဆုံးသဘာဝဘေးဖြစ်သည်။ ၁၉၁၈ ခုနှစ် မင်နီဆိုးတားပြည်နယ်၌ ဖြစ်ပွားခဲ့သည့် တောမီးကြောင့် လူပေါင်း ရာနှင့်ချီ၍ သေဆုံးခဲ့ရသည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။ **ကျိုဒို**

---

## လောင်စာဆီဈေးနှုန်းမြင့်တက်မှုကြောင့် ဆီးရီးယား၌ အစိုးရဝန်ထမ်းများအား လစာ ၁၀၀ ရာခိုင်နှုန်းတိုးပေးရန် သမ္မတ အမိန့်ပေး

**ဒမတ်စကတ် ဩဂုတ် ၁၆**

လောင်စာဆီဈေးနှုန်း ချက်ချင်းမြင့်တင်လိုက်ချိန်တွင် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆက်က အစိုးရဝန်ထမ်းများအား လစာ ၁၀၀ ရာခိုင်နှုန်း တိုးပေးရန် ဩဂုတ် ၁၆ ရက်က အမိန့်ပေးခဲ့ကြောင်း နိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများ၊ တပ်မတော်သားများအားလုံး အကျုံးဝင်သည့် လစာတိုးမြှင့်မှုသည် ဆီးရီးယားပြည်တွင်းစစ် စတင်သည့် ၂၀၁၁ ခုနှစ်မှစကာ ကိုးကြိမ်မြောက် တိုးမြှင့်မှုဖြစ်သည်။ ထိုအချိန်ကတည်းက နိုင်ငံ၏ စီးပွားရေးသည် စီးပွားရေးအကျပ်အတည်းမှ ရုန်းမထွက်နိုင်ဖြစ်ခဲ့သည်။

ဆုံးဖြတ်ချက်မချမီ ယခင်က အစိုးရဝန်ထမ်းများ၏ လစာငွေသည် မှောင်ခိုပေါက်ဈေးပေါ်မူတည်ပြီး အမေရိကန်ဒေါ်လာ ၁၀ နှင့် ၂၅ ကြားသာ ရှိခဲ့သည်။

ဩဂုတ် ၁၅ ရက်ညက ဆီးရီးယား ပြည်တွင်းကုန်သွယ်ရေးနှင့် စားသုံးသူကာကွယ်ရေးဝန်ကြီးဌာနသည် သယ်ယူပို့ဆောင်ရေးနှင့် မုန့်ဖုတ်လုပ်ငန်းများအတွက် ဒီဇယ်လောင်စာဆီဈေးကို ၁၈၀ ရာခိုင်နှုန်းအထိမြှင့်တင်ခဲ့ပြီး ဓာတ်ဆီဈေးနှုန်းများကို ၁၆၅ ရာခိုင်နှုန်းအထိ မြှင့်တင်ခဲ့သည်။

လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့် ဩဂုတ် ၁၆ ရက်က ဘတ်စ်ကားမောင်းသူများ အလုပ်သွားရန် ငြင်းဆိုခဲ့သဖြင့် လမ်းများပေါ်တွင် ဖရိုဖရဲအခြေအနေများ ဖြစ်ပေါ်ခဲ့သည်။

လောင်စာဆီဈေးနှုန်းမြင့်တက်မှု ဂယက်ကြောင့် စားသောက်ကုန်ဈေးနှုန်းများအပေါ် များစွာသက်ရောက်မှုဖြစ်ခဲ့ပြီး ညတွင်းချင်း စားသောက်ကုန်ဈေးနှုန်းများ ၃၀ မှ ၁၀၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ **ဆင်ဟွာ**



---



## ယခုနှစ် ပထမ ခုနစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု သုံးသန်းကျော်ရှိ

**ဖနောင်ပင် ဩဂုတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ခုနစ်လအတွင်း နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု ၃၀၃၇၃၄၄ ဦးရှိကြောင်း၊ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၇၄၃၄၅၉ ဦးသာရှိသည့်အတွက် ၃၀၈ ရာခိုင်နှုန်း သိသိသာသာ မြင့်တက်လာကြောင်း ဩဂုတ် ၁၆ ရက်တွင် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားများအနက် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့က အများဆုံးဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားများအနက် ၁၀၆၅၂၃၃ ဦးမှာ လေကြောင်းမှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်ပြီး ၂၃၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစီရင်ခံထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် ကုန်းကြောင်းနှင့် ရေကြောင်းမှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဦးရေမှာ ၁၉၇၂၁၁၁ ဦးရှိပြီး ၃၆၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ယခုကိန်းဂဏန်းအချက်အလက်များကို အခြေခံကာ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှုအနည်းဆုံး ငါးသန်းခန့် ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။

ခရီးသွားလုပ်ငန်း ဝန်ကြီးသောင်ခွန်းက ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ဝင်ရောက်မှု ၂ ဒသမ ၂၇ သန်းသာရှိခဲ့ကြောင်း ပြောသည်။ **ဆင်ဟွာ**

---

## လစ်ဗျားနိုင်ငံ ထရီပိုလီမြို့၌ ပဋိပက္ခဖြစ်ပွားမှုကြောင့် ၂၇ ဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရ

**ထရီပိုလီ ဩဂုတ် ၁၆**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီတွင် ဩဂုတ် ၁၄ ရက်ညပိုင်းက ပဋိပက္ခဖြစ်ပွားမှုကြောင့် ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ပြီး ၂၇ ဦး သေဆုံးခဲ့သည်ဟု လစ်ဗျား ကျန်းမာရေးနှင့် အရေးပေါ်ဆေးဘက်ဆိုင်ရာဌာနမှ ဩဂုတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ထရီပိုလီမြို့ အခင်းဖြစ်ပွားရာနေရာမှ မိသားစုပေါင်း ၂၃၄ စုကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး ဒဏ်ရာရရှိသူများကို ကုသပေးရန်အတွက် အရေးပေါ်ယာယီဆေးရုံသုံးခု တည်ဆောက်ပေးခဲ့ရသည်ဟု အဆိုပါဌာနမှ ပြောသည်။ အထူးတပ်ဖွဲ့နှင့် တပ်မဟာ (၄၄၄) ကြားတွင် ဩဂုတ် ၁၄ ရက်ညပိုင်းက ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အင်အားကြီး တပ်မဟာ (၄၄၄) မှ တပ်မဟာမှူးတစ်ဦးကို အထူးတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပြီးနောက် ယခုလို ပဋိပက္ခများပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထရီပိုလီမြို့ရှိ အကြီးအကဲများနှင့် ဝန်ကြီးချုပ်၏ ကြိုးပမ်းမှုတို့ကြောင့် နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ပြီး ယင်းနောက် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ပဋိပက္ခများ ရပ်တန့်သွားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ပဋိပက္ခများကြောင့် အရပ်သားများ၏ ဆုံးရှုံးရမှုအတွက် နစ်နာကြေးများ ပေးသွားရန်လည်း လစ်ဗျားဝန်ကြီးချုပ် အဗ္ဗဒူဟမ်ဒီဘေဘာက အမိန့်ထုတ်ထားသည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် မိုဟာမက် ကဒါဖီကို ဖြုတ်ချပြီးနောက် မငြိမ်သက်မှုများဖြင့် ကြုံတွေ့ခဲ့ရသည်။ **ဆင်ဟွာ**

---

## ပြင်သစ်နိုင်ငံအနောက်ပိုင်း၌ လူသုံးဦးတင်ဆောင်လာသော လေယာဉ်ငယ်တစ်စင်း ပျက်ကျ

**ပါရီ ဩဂုတ် ၁၆**

လူသုံးဦးပါ လေယာဉ်ငယ်တစ်စင်းသည် ဩဂုတ် ၁၅ ရက်က ပြင်သစ်နိုင်ငံအနောက်ပိုင်း လော်ရီအတ္တလန်တစ်ဒေသ၌ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ လေယာဉ်ငယ်မှာ လော်ရီအတ္တလန်တစ်ဒေသ နန့်တက်စ်နှင့် လာဘူးလ်အကြား ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပင်လယ်ရေအနက် ၃ မီတာမှ ၄ မီတာအတွင်း လေယာဉ်အပျက်အစီးများကို မီးသတ်သမားများက တွေ့ရှိခဲ့ကြောင်း၊ သို့သော်လည်း ရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့် ဩဂုတ် ၁၅ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းထားခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။

လက်ရှိအချိန်အထိ သေဆုံးသူများ၏ ပြန်လည်ဆယ်ယူရရှိမှုအခြေအနေနှင့်ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။ ပြင်သစ်မြို့ပြလေကြောင်း ဘေးကင်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် ခွဲခြမ်းစိတ်ဖြာမှုဗျူရို (ဘီအီးအေ) က အဆိုပါ မတော်တဆမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဩဂုတ် ၅ ရက်မှ ၁၅ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၂၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ၃၂ ဒသမ ၄၄၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၉ ဒသမ ၁၇၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ရော်ဘာ ၇၅၄၅ ဒသမ၃၅ တန်၊ ပဲယဉ်း ၂၃၃၈ တန်၊ ပဲတီစိမ်း ၁၇၁၈ ဒသမ ၂၅ တန်၊ မြေထောက်ပဲ ၉၃၅ ဒသမ ၀၀ တန်၊ ရော်ဘာကြိမ်း ၇၉၀ ဒသမ ၄၀ တန်၊ ပြောင်း ၁၅၀၃ ဒသမ ၂၅ တန်၊ ဆန်ကွဲ ၇၀၁ ဒသမ ၅၀ တန်၊ ပဲလွန်းဖြူ ၃၂၇ တန်၊ နှမ်းနက် ၁၀၁ တန်၊ စွန်တာနီပဲ ၂၂၁ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဇာနှင့် ဇာထိုးထားသောပစ္စည်းများ၊ လေအေးစက်များ၊ သံနှင့် သံမဏိလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ တင်သွင်းနိုင်ခဲ့သည်။

**DOT (ချင်းရွှေဟော်)**

## လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အနေဖြင့် ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ပဲတီစိမ်း ၂၂ ဒသမ ၀၀ တန်နှင့် ရော်ဘာ ၁၆၅ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀၊ ကြိမ် တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်း တစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ရော်ဘာ တစ်တန်လျှင် ဒေါ်လာ ၁၃၀၀ နှင့် Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာဖြစ်ကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ဓာတ်မြေဩဇာ ၃၀ ဒသမ ၀၀ တန်၊ ပိတ်လိပ် ၄၃ ဒသမ ၉၀ တန်၊ ထွန်စက် ကိုးစီး၊ ရိတ်သိမ်းခြွေလှေ့စက် သုံးစီး၊ ချည် ၁၅ ဒသမ ၀၀ တန်၊ မြက်ခင်းတု ၆ ဒသမ ၅၀ တန်၊ ပလတ်စတစ်လိပ် ၁၅ ဒသမ ၀၀ တန်နှင့် ကုန်စုံ ၄၈ ဒသမ ၃၀ တန်တို့ အများဆုံး တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများ အနေဖြင့် သဘာဝမြေဩဇာ (Organic Fertilizer) တစ်တန်လျှင်ဒေါ်လာ၂၅၀၊ ကွန်ပေါင်းဓာတ်မြေဩဇာ (Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ စက္ကူလိပ် တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ကော်စေ့ တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ နှင့် ပိတ်လိပ် တစ်တန်လျှင် ဒေါ်လာ ၅၇၀ ရှိကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဩဂုတ် ၁၅ ရက်တွင် တစ်ယွမ်လျှင် ငွေကျပ် ၄၅၅ ဖြစ်ကြောင်း သိရသည်။

## မုံရွာမြို့နယ်တွင် ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။



မုံရွာမြို့နယ်ရှိ ကွမ်းဈေးကွက်အနေဖြင့် ဩဂုတ်လ (ဒုတိယပတ်) တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၂၅၀၀ ဈေးနှုန်းရရှိပြီး ယခုအပတ်တွင် အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၂၀၀၀ ဈေးနှုန်းဖြင့်သာ ရောင်းချရကြောင်း၊ မိုးဦးရာသီတွင် ကွမ်းအထွက်နှုန်း ပိုမိုလာခြင်း၊ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများနေခြင်းတို့ကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခြင်းဖြစ်ကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရှိရသည်။

**DOCA (စစ်ကိုင်း)**

## မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လ လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃၀ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၅၃၀ သန်းဖြစ်ပြီး ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၆၂ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၆၂ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၄၉ ဒသမ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ဩဂုတ် ၁၅ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို) ၄၂၁ ဒသမ ၇၅ တန်၊ တညင်းသီး ၄၉ တန်၊ နနွင်းတက် ၅ တန်၊ ကွမ်းသီး ၂ တန်၊ ထန်းလျက် ၂ တန်၊ ငါးမြစ်ချင်း ၃၇၇ ဒသမ ၆၃၆ တန်၊ ငါးနီတူခြောက် ၃ ဒသမ ၅ တန်၊ ငါးကုန်းညှိခြောက် ၉ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် ၆၇ ဒသမ ၅ တန်၊ ငါးခေါင်းပွ ၈ ဒသမ ၄၀၅ တန်၊ ဆီးယိုထုပ် ၅ ဒသမ ၅ တန်၊ ဆန်ကြာဆံ ၁ တန်၊ ထွန်းရွှေဝါလိမ်းဆေး ၃ တန်၊ သနပ်ခါးခဲ ၂ တန်နှင့် မုန့်ဖတ်ခြောက် ၀ ဒသမ ၅ တန် တင်ပို့ခဲ့သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက် ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ငွေကျပ် ၃၅၆၅ ကျပ်၊ ၁၁၆ ဒသမ ၂၀ တာကာ၊ ငွေကျပ် ၁၀၀ လျှင် လေးတာကာ၊ တစ်တာကာလျှင် ငွေကျပ် ၃၁ ကျပ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

**မောင်တောမြို့အတွင်း အခြေခံစားကုန်ဈေးနှုန်းနှင့်**
**တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်ဈေးနှုန်း၊ ငွေလဲနှုန်း**

မောင်တောမြို့တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန် ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေး တစ်အိတ် ငွေကျပ် ၁၁၅၀၀၀၊ ဧည့်မထ တစ်အိတ် ငွေကျပ် ၈၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၂၈၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၈၅၀၀၊ ငရုတ်သီးခြောက် တစ်ပိဿာ ငွေကျပ် ၂၀၀၀၀၊ ကြက်ဥ သုံးလုံး ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၉၀၀၀ ဖြစ်သည်။ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေခံစားကုန်ဈေးနှုန်းများမှာ ဆန် (အဖြူ) တစ်ကီလို ၆၅ ဒသမ ၀၀ တာကာ၊ ကြက်သွန်နီ တစ်ကီလို ၆၉ ဒသမ ၀၀ တာကာ၊အာလူး တစ်ကီလို ၄၄ ဒသမ ၀၀ တာကာ၊ ခရမ်းချဉ်သီးတစ်ကီလို ၁၂၀ ဒသမ ၀၀ တာကာ၊ ကြက်သား တစ်ကီလို ၃၁၉ ဒသမ ၀၀ တာကာ၊ ကြက်ဥ တစ်ဒါဇင် ၁၄၉ ဒသမ ၀၀ တာကာ ဈေးရှိကြောင်းသိရှိရပြီး ဩဂုတ် ၁၆ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၃၅၆၅ ၊ ၁၁၆ ဒသမ ၂၀ တာကာ၊ ငွေကျပ် ၁၀၀ လျှင် လေး တာကာ၊ တစ်တာကာလျှင် ၃၁ ကျပ် ဖြစ်ပေါ်လျက်ရှိသည်။

**DOT (မောင်တော)**

## ၁၆.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၉၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၆၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၉၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၃၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၅၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၉၅၀၀ | ၈၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၁၆၀၀၀ | ၈၁၀၀ | ၁၈၀၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၄၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၆၉၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၁၇၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၀၀ | ၈၂၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၅၂၀၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၅၀၀ | ၉၉၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၉၈၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၉၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၁၄၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၄၀၀၀ | ၁၀၀၀၀ | ၂၅၀၀၀ | ၂၇၀၀ | ၉၈၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၀၀ | | ၁၄၀၀၀ | ၉၇၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၇၅၀၀ | | ၇၅၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၇၈၀၀ | ၈၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၀၀ | ၇၂၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၅၅၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၈၂၀၀ | ၄၅၀၀ | ၅၄၀၀ | ၄၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၂၀၀ | ၁၄၅၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၃၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးတွင် ငွေကျပ် ၄၅၀၊ ပဲခူးတွင် ငွေကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးနှင့်စစ်တွေတွင် ငွေကျပ် ၅၀၀၊ ပဲခူးတွင် ငွေကျပ် ၂၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ ကုလားပဲ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၁၀၀၀၊ အာလူးတစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်နှင့်ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ငွေကျပ် ၅၀၊ ပဲဆီတစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၅၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးအတွက် ပြန်လည်ဆက်စပ်မိသည်များ ...

**ယနေ့ကမ္ဘာ့ပြဿနာများကို ဆန်းစစ်ကြည့်လျှင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ အားပြိုင်မှုများနှင့် ကမ္ဘာအနှံ့ ဩဇာ ထူထောင်၊ ပါဝါအပြိုင်တည်ဆောက်ကြခြင်းကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအရ ကျောထောက်နောက်ခံပေးပြီး ထင်သာမြင်သာရှိသည့် စစ်ရေးအရ ဝင်စွက်ဖက်မှုပုံစံမျိုးရှိသလို နောက်ကွယ်မှ စီးပွားရေးအရ နယ်ချဲ့ပုံစံအမျိုးမျိုးဖြင့် တိုင်းပြည်တစ်ပြည်ကို ကိုယ်လိုချင်သည့် ပုံစံမျိုး ပုံဖော်သိမ်းသွင်းပုံများကို လေ့လာသိရှိထားရန် လိုအပ်ပါသည်။**

*မိုးမြင့်*

**■ အများအမှန် ခွဲခြားနားလည်နိုင်စွမ်းနည်းပါးသည့် GZ အမည်ခံ သွေးဆူလူငယ်လူရွယ်များကား ဆန္ဒပြလူမြင်ကွင်းထဲ ပေါ်လိုက်ပျောက်လိုက် လူလည်များကြားတွင် အသုံးချခံသက်သက် ဖြစ်သွားခဲ့ရသည်။ ဖျက်သိမ်းခံခဲ့ရသည့် လုံခြုံရေးဆိုင်ရာ ဥပဒေများ၏ ရလဒ်များဖြစ်သည့် တရားမဝင်ခိုးဝင်များ၊ စိမ့်ဝင်အကြမ်းဖက်များနှင့် ခိုးသွင်းလက်နက်များအတွက် ငွေကြေးပမာဏကြီးမားစွာ ပုံအောအသုံးပြုခဲ့ကြသည်။ ကြိုးဆွဲခံရုပ်သေးများကလည်း ပြည်ပကခိုင်းတာ အကုန်လုပ်သည်။ ဘတ်ဂျက်တွင် ပြည်သူ့အကျိုးပြုကိစ္စများအတွက် ငွေကိုမသုံး၊ သူတို့အကျိုးရှိမည့် ကိစ္စများတွင်မူ ကျပ်သိန်းထောင်ချီ သုံးသွားခဲ့သည်**

မြန်မာနိုင်ငံ၏ တည်နေရာပထဝီအနေအထားအရ အင်အားကြီးနိုင်ငံများ၏ စိတ်ဝင်စားမှုအခံရဆုံးနိုင်ငံအဖြစ် အစဉ်အဆက်ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံကို ထိန်းချုပ်လိုသည့် အမေရိကန်က မြန်မာနိုင်ငံကို အဓိက ပစ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် သူတို့လိုချင်သော ဩဇာခံအစိုးရပေါ်ပေါက်ရေး၊ သူတို့လိုချင်သော အစိုးရမရလျှင် နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်သုဉ်းရေးနည်းလမ်းများက အမေရိကန်နှင့် အနောက်အုပ်စု၏ မဟာဗျူဟာများဖြစ်သည်။ ယနေ့အချိန်ထိ သူတို့ခင်းသောလမ်းတွင် ကျင့်သုံးသော ထိုနည်းလမ်းများ ဘယ်အထိခရီးရောက်နေပြီလဲ မှန်းဆ၍ရသည်။ ယခုအခါတွင်မူ ပြည်သူများအနေဖြင့် ပစ္စုပ္ပန်ကာလဖြစ်ရပ်အချို့နှင့် အတိတ်ဖြစ်စဉ်များအပေါ် ဆက်စပ်စဉ်းစားပြီး အတိုင်းအတာတစ်ခုအထိ ဝေဖန်ပိုင်းခြား ဆန်းစစ်လာနိုင်ကြပြီဟူ၍ ယူဆမိပါသည်။

### မရိုးရှင်းသည့် ကမ္ဘာ့ပြဿနာများ

ယနေ့ကမ္ဘာ့ပြဿနာများသည် ရိုးရှင်းစွာ တွက်ဆ၍မရတော့သည့် အခြေအနေများ ဖြစ်သည်။ ယခုကာလမှာ ဘာကြောင့် ရုရှားနိုင်ငံက ယူကရိန်းအပေါ် အထူးစစ်ဆင်ရေးကြီးတစ်ရပ်ကို အကန့်အသတ်ဖြင့် ဆင်နွှဲနေသလဲ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လောင်စာ အကျပ်အတည်းကို ဘယ်သူက စတင်ဖန်တီးခဲ့သလဲ၊ တရုတ်ကိုထိန်းချုပ်ဖို့ ထိုင်ဝမ်ပြဿနာနှင့်အတူ အင်ဒို- ပစိဖိတ်အရှေ့ကို ဘာကြောင့် အမေရိကန်က ဦးဆောင်နေသလဲ၊ နိုင်ဂျာမှာ တပ်ကဘာကြောင့် အာဏာသိမ်းရသလဲ၊ ပါကစ္စတန်မှာ ဒီမိုကရေစီနည်းလမ်းကျ ပြည်သူက ရွေးကောက်တင်မြှောက်ထားသော ဝန်ကြီးချုပ်အင်မရာခန်းကို တပ်၏ထောက်ခံမှုဖြင့် ဖြုတ်ချ၊ ထောင်ချမှုတွင် အမေရိကန်တို့ ဘာကြောင့် နှုတ်ဆိတ်နေကြရသလဲ၊ တရုတ်ကို ထိုင်ဝမ်နှင့် ထောင်ချောက်ဆင်ထားပြီး မြန်မာနိုင်ငံကို မငြိမ်မသက်ဖြစ်အောင်လုပ်၊ ပြည်တွင်းစစ်မီးမွှေးနေခြင်းမှာ ဘာအတွက်လဲ...စသည် စသည်ဖြင့် ဇာတ်ညွှန်းများနှင့်အတူ တစ်ဦးတည်းသော ဒါရိုက်တာကိုလည်း မြင်တတ်ဖို့လိုသည်။

တရုတ် - အမေရိကန် ထိပ်တိုက်မတွေ့ဘဲ မြန်မာနိုင်ငံမှတစ်ဆင့် ထိန်းချုပ်ဖို့ ကြိုးစားသည့်အခါ မဟာဗျူဟာမြောက် ကြားခံဇုန်ဖြစ်မှန်းမသိဖြစ်နေရသည့် ဤနိုင်ငံတွင် နိုင်ငံအမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံလုံခြုံရေး မကျိုးပျက်အောင် ဘယ်လောက် ကြိုးစားနေရသလဲ မြင်ကြည့်၊ တွေးကြည့်ဖို့ လိုပါသည်။

နိုင်ငံနှင့် ပြည်သူအတွက်မကြည့်၊ မိမိအကျိုး၊ မိမိအဖွဲ့အကျိုးကိုသာ ကြည့်တတ်သူများ၏ အဖျက်လုပ်ရပ်များကြောင့် ယနေ့ထိတိုင် မြန်မာပြည်သူများ ဒုက္ခပင်လယ်ဝေဆဲဖြစ်သည်ကို သင်ခန်းစာယူသင့်ပါပြီ။ ကမ္ဘာ့ပြည်သူများလည်း ထို့အတူပင်။ တစ်ဆင့်ပြီးတစ်ဆင့် ရုပ်လုံးကြွ ဖွံ့ဖြိုးလာသော တရုတ်နိုင်ငံနှင့် ကမ္ဘာ့နံပါတ်တစ်နေရာကို လက်မလွှတ်ချင်သည့် အမေရိကန်၊ စစ်အင်အားချင်း ယှဉ်လာသော ပြိုင်ဘက်ရုရှားနှင့် ကမ္ဘာအနှံ့ အမေရိကန်အကျိုးစီးပွားများ ထိပ်တိုက်တွေ့ကြသည့် အခြေအနေသည် ယခုအချိန်မှာ အဆိုးဆုံးဖြစ်နေသည်။

### သတိလက်လွှတ်မဖြစ်ကြရန် လိုအပ်ဆဲ

ယနေ့ကျွန်ုပ်တို့ နိုင်ငံသားအားလုံး၏ တာဝန်မှာ နိုင်ငံရော ပြည်သူပါ အစိတ်စိတ်အမြွှာမြွှာ မပြိုကွဲ၊ မပျက်စီးရေးဖြစ်သလို မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးမှာ ပြည်တွင်း/ ပြည်ပရန်သူတို့၏ အန္တိမရည်မှန်းချက်ဖြစ်သည်ဆိုသည့်အချက်ကို သတိလက်လွှတ်မဖြစ်ရန် လိုပြန်သည်။ ကမ္ဘာတစ်လွှား သူတို့အလိုမရှိသောအစိုးရများ ပြုတ်ကျစေမည့် လျှို့ဝှက်စီမံကိန်းများတွင် မြန်မာနိုင်ငံလည်းပါသည်။ သူတို့လိုချင်သော အစိုးရ တက်လာရန်၊ မလိုချင်သောအစိုးရကို ဆန့်ကျင်တိုက်ခိုက်ရန်၊ အစိုးရမပြုတ်လျှင် နိုင်ငံကို ဖျက်ဆီးမည်၊ လုံးဝအဖတ်ဆယ်မရအောင် ဖျက်မည်၊ မြေပေါ်မြေအောက် ငွေပုံအောပြီး အစိုးရဆန့်ကျင်သူများ၊ NGOs များ၊ ဖောင်ဒေးရှင်းအဖွဲ့အစည်းများ၊ ပါတီများကို ကြီးကြီးမားမားထောက်ပံ့ခဲ့ကြသည်။

သံရုံးများ၊ သူလျှိုများက ကျောင်းသားလူငယ်ထု၊ စစ်သား၊ ရဲ၊ ဝန်ထမ်းအဆင့်မြင့်သူများအထိ ဘာသာရေးအပါအဝင် လူထုလူတန်းစား အလွှာစုံမှာ မွှေနှောက် ထိုးဖောက်သပ်လျှို ဖြိုခွဲ၊ သွေးခွဲပြီး ဝါဒဆွဲ၊ ပုဂ္ဂိုလ်ဆွဲ ရုပ်သေးရုပ်များအဖြစ် အသုံးချခဲ့ကြသည်။ လူထုအပေါ် လွှမ်းမိုးဩဇာရှိသူများ (influencers )ကို ရေရှည်မွေးထားပြီး အသုံးချခဲ့သည်ကို သောင်းနှင့်ချီသော သိန်းဂဏန်းငွေကျပ်ပမာဏရှိသူတို့၏ ဘဏ်အကောင့်များက သက်သေခံပြီးဖြစ်သည်။

အများအမှန် ခွဲခြားနားလည်နိုင်စွမ်း နည်းပါးသည့် GZ အမည်ခံ သွေးဆူလူငယ် လူရွယ်များကား ဆန္ဒပြလူမြင်ကွင်းထဲ ပေါ်လိုက်ပျောက်လိုက် လူလည်များကြားတွင် အသုံးချခံ သက်သက်ဖြစ်သွားခဲ့ရသည်။ ဖျက်သိမ်းခံခဲ့ရသည့် လုံခြုံရေးဆိုင်ရာ ဥပဒေများ၏ ရလဒ်များဖြစ်သည့် တရားမဝင်ခိုးဝင်များ၊ စိမ့်ဝင်အကြမ်းဖက်များနှင့် ခိုးသွင်းလက်နက်များအတွက် ငွေကြေးပမာဏကြီးမားစွာ ပုံအောအသုံးပြုခဲ့ကြသည်။ ကြိုးဆွဲခံရုပ်သေးများကလည်း ပြည်ပကခိုင်းတာ အကုန်လုပ်သည်။ ဘတ်ဂျက်တွင် ပြည်သူ့အကျိုးပြုကိစ္စများအတွက် ငွေကိုမသုံး၊ သူတို့အကျိုးရှိမည့်ကိစ္စများတွင်မူ ကျပ်သိန်းထောင်ချီ သုံးသွားခဲ့သည်။

ရန်သူမိတ်ဆွေ ခွဲခြားမသိလောက်အောင် အကြမ်းဖက်ကို အကြမ်းဖက်မှန်း မသတ်မှတ်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်မှာ သင်ခန်းစာ ယူစရာဖြစ်သည်။ နောက်ဆုံး အမေရိကန်စစ်ပြန် FBR (Free Burma Rangers) ဟုခေါ်သည့် လက်နက်ကိုင်အဖွဲ့များက EAOs များကို လက်နက်ကိုင် အကြမ်းဖက်သင်တန်းများပေးပြီး အဖျက်လုပ်ရပ်များကို ရက်ရက်စက်စက် ကျူးလွန်နေကြဆဲဖြစ်သည်။ ယခင်ရော ယခုမှာပါ နိုင်ငံတော်နှင့် တိုင်းရင်းသားများ၏ ဘာသာသာသနာ၊ မျိုးချစ်စိတ်ရေခံမြေခံနှင့် အမျိုးသားအကျိုးစီးပွားများ မပျက်ပျက်အောင် ဖျက်ဆီးကြဆဲဖြစ်သည်ကို ... မြင်အောင်ကြည့် သတိထား လုပ်ကိုင်ကြရန် ဖြစ်ပါသည်။

### နှစ်ရှည်အဖျက်စီမံကိန်းများနှင့် ဆက်စပ်စဉ်းစားနိုင်

မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် နိုင်ငံခြားတိုင်းပြည်အချို့၏ အဖျက်လုပ်ငန်းများသည် နှစ်ရှည်စီမံကိန်းများဖြစ်၍ ယခင်ရော၊ ယခုရော၊ နောင်တွင်ပါ ဖျက်ဆီးနေကြဦးမှာ ဖြစ်သည်။ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံကို အစဉ်တစိုက် ဖျက်ဆီးရေးတွင် အဓိကကြိုးကိုင်သူ တာဝန်ရှိသူများအဖြစ် တိုက်ရိုက်စွပ်စွဲရမည်သာ ဖြစ်သည်။ မြန်မာနိုင်ငံအရေးတွင် CIA နှင့် MI 6 တို့သည် အဓိက စပွန်ဆာများဖြစ်ပြီး ဂျော့ဆိုးရော့စ်နှင့်သူ့သားအလက်ဇ္ဇန်းဒါးဆိုးရော့စ်၊ အတိုင်ပင်ခံ အနီးကပ်စီးပွားရေး အကြံပေး ရှောင်တာနယ်လ်နှင့် ဗြိတိသျှသံရုံးမှာ နေရာပေးခံရသည့် ဂျိုးဖစ်ရှာတို့သည် မြန်မာ့အရေးအရာများတွင် အနီးကပ်ခြယ်လှယ်သူများ ဖြစ်ခဲ့ကြသည်ကို ယနေ့ပြည်သူအများစု နားလည်သဘောပေါက်လာကြပေပြီ။ INGO , NGO နှင့် ပရဟိတအမည်ခံ ဖောင်ဒေးရှင်းများစွာသည် ဆိုးရော့စ်၏ ငွေကြေးအထောက်ပံ့ခံအဖွဲ့အစည်းများဖြစ်ခဲ့ပြီး ထိုငွေကြေးများသည် မြန်မာနိုင်ငံ အကျိုးစီးပွားအတွက်မဟုတ်၊ မူလထောက်ပံ့သူများအတွက်သာ ပြန်လည်အကျိုးပြုခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်ပျက်စီးရေးအတွက် အရင်းအနှီးများသာ ဖြစ်ခဲ့သည်။

၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲနှစ်ခုစလုံးတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုများတွင် ဆိုးရော့စ်၏ ငွေကြေးများ ပါဝင်ပတ်သက်မှုနှင့် မကင်းခဲ့ပါ။ ပြည်တွင်းဘဏ်တစ်ခု၌ တရားမဝင် ငွေကြေးအပ်နှံ၊ ထုတ်သွင်း အရှုပ်အရှင်းများတွင် ဆိုးရော့စ်၏ ဒေါ်လာငွေများ ပါခဲ့သည်။ သူသည် မြန်မာအစိုးရ၏ အုပ်ချုပ်ရေးများတွင်လည်း ပါဝင်စွက်ဖက်ရန် ကြိုးစားခဲ့သေးသည်။ ဘာကြောင့် ယူခဲ့ကြသည်၊ ဘာကြောင့်ပေးသည်ကို တွေးမိသူရှားလိမ့်မည်။ နိုင်ငံတစ်နိုင်ငံကို အလုံးစုံ ဖျက်ဆီးလိုလျှင် ဘယ်နေရာက အရင်းအမြစ်ကို ဘယ်လိုဖြိုခွဲရမည်ဆိုသည်ကို နိုင်ငံတကာ ပြည်တွင်းရေး ပတ်မွှေနေသည့် CIA နှင့် MI 6 တို့က အသိဆုံး ဖြစ်သည်။

ပြီးခဲ့သည့်အစိုးရလက်ထက် ဝန်ကြီးဌာန အသီးသီးမှာ ဖြန့်ကြက်တာဝန်ပေးခဲ့သော နိုင်ငံခြားသားအကြံပေးများလက်ထဲ မြန်မာနိုင်ငံ လူ့စွမ်းအား၊ စီးပွားရေး၊ စစ်ရေးအင်အား ဒေတာအချက်အလက်များ သတင်းပေါက်ကြား ချိုးဖောက်ခံခဲ့ရသည့် ဖြစ်စဉ်များနှင့်အတူ မြန်မာပြည်တွင်းရေးတွင် အဓိကခြယ်လှယ်တာဝန်ရှိခဲ့သူမှာ စီးပွားရေးအကြံပေးဆိုသူ ရှောင်တာနယ်လ်ပင်ဖြစ်သည်။ အချက်အလက်များအရ မြန်မာနိုင်ငံကို မြန်မာပြည်သူတွေက အမှန်တကယ် အုပ်ချုပ်ခဲ့တာ ဟုတ်ရဲ့လား ထင်မှတ်မှားစရာပင်ဖြစ်သည်။

ရှောင်တာနယ်လ်က တရုတ်၏ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန် မြန်မာကျောက်ဖြူရေနက်စီမံကိန်းကို အထူးစိတ်ဝင်စားသည်။ *စာမျက်နှာ ၁၇ သို့*

**❐ ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲနှစ်ခုစလုံးတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုများတွင် ဆိုးရော့စ်၏ ငွေကြေးများ ပါဝင်ပတ်သက်မှုနှင့် မကင်းခဲ့ပါ။ ပြည်တွင်းဘဏ်တစ်ခု၌ တရားမဝင် ငွေကြေးအပ်နှံ၊ ထုတ်သွင်း အရှုပ်အရှင်းများတွင် ဆိုးရော့စ်၏ ဒေါ်လာငွေများ ပါခဲ့သည်။ သူသည် မြန်မာအစိုးရ၏ အုပ်ချုပ်ရေးများတွင်လည်း ပါဝင်စွက်ဖက်ရန် ကြိုးစားခဲ့သေးသည်။ ဘာကြောင့် ယူခဲ့ကြသည်၊ ဘာကြောင့်ပေးသည်ကို တွေးမိသူရှားလိမ့်မည်။ နိုင်ငံတစ်နိုင်ငံကို အလုံးစုံ ဖျက်ဆီးလိုလျှင် ဘယ်နေရာက အရင်းအမြစ်ကို ဘယ်လိုဖြိုခွဲရမည် ဆိုသည်ကို နိုင်ငံတကာ ပြည်တွင်းရေး ပတ်မွှေနေသည့် CIA နှင့် MI 6 တို့က အသိဆုံး ဖြစ်သည်**

## တနင်္သာရီမြို့ သမိုင်းဝင်ရာဇမင်္ဂလာကန် ရှင်ဥပဂုတ္တကျောင်းဆောင် မွမ်းမံပြီးစီးခြင်း ရေစက်ချပွဲကျင်းပ



တနင်္သာရီ ဩဂုတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ဘုန်းတော်ကြီးကျောင်းတိုက်အနီး ရာဇမင်္ဂလာခေါင်းဆေး ကန်တော်အတွင်းရှိ ရှင်ဥပဂုတ္တ ကျောင်းဆောင် ရေစက်ချအလှူမင်္ဂလာကို ယနေ့နံနက်ကကျင်းပရာ ချောင်းငယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သံဝရက ရှစ်ပါးသီလချီးမြှင့်ပေး၍ အန္တရာယ်ကင်း မေတ္တသုတ်ပရိတ်ကို ရွတ်ပွားပေးပြီး အနုမောဒနာတရားတော် ချီးမြှင့်ပေးတော်မူသည်။

အဆိုပါ ကျောင်းဆောင်ကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကိုလတ်က ဦးဆောင်၍ ကိုယ်တိုင်မတည် ငွေကျပ်သိန်း ၁၅၀၊ ဦးတင်ရှိန် (ထူးတက်ရှိန်ကုမ္ပဏီ) က ငွေကျပ် သိန်း ၁၀၀ နှင့် ရပ်ဝေး/ရပ်နီး အလှူရှင်များ စုပေါင်း၍ ကျန်ကျ ငွေကျပ် ၅၄၅ သိန်းခန့်ဖြင့် ပြန်လည်မွမ်းမံပြီး အသစ်တည်ဆောက် လှူဒါန်းမှု ပြီးစီးခြင်းဖြစ်သည်။

အခမ်းအနားသို့ ဗိုလ်မှူးကြီး အောင်ကိုလတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့်ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံသည်တော်များ တက်ရောက်ကြပြီး ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် သင်္ကန်းများ ကပ်လှူခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Myo Min Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မာန်ပြေ(၃)ရပ်ကွက်နေ မျိုးမင်းစိုး(ခ) မျိုးကြီးအား နံနက် ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Kyaw Thet Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ကျော်သက်နိုင် (ခ)ကျောက်ကြီးအား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Nwe New Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ နွယ်နွယ်ဝင်း (ခ) မနွယ်အား ညနေ ၄ နာရီတွင်လည်းကောင်း၊ “Win Pa Pa Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၄/မြောက်ရပ်ကွက်နေ ဝင်းပပဖြိုးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်း၊ သံလွင်နှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ချင်းတွင်းမြစ်ရေ မော်လိုက်နှင့် မင်းကင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်နှင့် မင်းကင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ထို့ကြောင့်လည်း ရှောင်တာနယ်လ်ဆိုသူ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ထိုသို့လုပ်ရပ်မျိုးကို ဘယ်လိုနိုင်ငံမျိုးကမှ ခွင့်လွှတ်မှာ မဟုတ်သည့်အပြင် ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှလည်း လက်ခံမည်မဟုတ်ပါ။ ထိုသူက စီးပွားရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းများတွင် အကြံပေးတစ်ယောက်ဖြစ်ခဲ့ဖူးသလို အမေရိကန်ပြည်နယ်ဦးစီးဌာနများ၊ အမေရိကန်အေဂျင်စီများ USAID တို့တွင်လည်း အလုပ်လုပ်သည်။ နိုင်ငံခြားရေးမှာလည်း အလုပ်လုပ်သလို ကမ္ဘာ့ဘဏ်အတွက်လည်း အလုပ်လုပ်သည်။

ရှောင်တာနယ်လ်သည် Open Society နှင့် NED (National Endowment for Democracy ) မှာလည်း အလုပ်လုပ်သည်။ ထို့ပြင် US က ထောက်ပံ့ထားသည့် MDI (Myanmar Development Institute)မှတစ်ဆင့် အမေရိကန်၏ မြန်မာပြည်ဖျက်ဆီးရေး နှစ်ရှည်မူဝါဒကို ပုံဖော်ရာတွင် ၂၀၁၀ ပြည့်နှစ်ကတည်းက ထဲထဲဝင်ဝင် ပါဝင်ခဲ့သူဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် မြန်မာပြည်ကို ထောင့်ပေါင်းစုံမှ သွယ်ဝိုက်ထိန်းချုပ်နေသည့် ယန္တရားများပင်ဖြစ်သည်။ ထို့ကြောင့်လည်း OS, NED, MDI စသည့် မြန်မာပြည် ဖျက်ဆီးရေးကွန်ရက်ကြီးကား ကြီးမားလှသည်ဟု ဆိုရမည်ဖြစ်ပြီး အမှန်မှာ ခေတ်သစ်ကိုလိုနီနယ်ချဲ့နည်း ပုံစံပင်ဖြစ်သည်။ တပ်မဲ့ရုံများ တပ်ပြင်ထုတ်ခံခဲ့ရပြီး တပ်အတွင်းအပြင် အင်အားရွေးကောက်ပွဲ အချက်အလက်များပေါက်ကြားအောင် ကြိုးစားခဲ့သည့်အခြေအနေများနှင့်လည်း ဆက်စပ်စဉ်းစားနိုင်ပါသည်။

တကယ်တော့ ယနေ့ကမ္ဘာတွင် လက်သစ်ကိုလိုနီခေတ်၏ သားကောင်များ၊ စနစ်၏သားကောင်များ သိသလိုလို၊ မသိသလိုလို ဖြစ်မှန်းမသိဖြစ်ခဲ့ရရှာသောသူများ အများအပြားရှိခဲ့သည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားများသည် ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ တစ်ဆင့်ခံ အုပ်ချုပ်ရေးပုံစံ၊ သွယ်ဝိုက်အုပ်ချုပ်ခံခဲ့ရသည့်ရုပ်လုံး ယခင်အစိုးရလက်ထက်က တစ်စထက်တစ်စ ပုံပေါ်ခဲ့သည်ဟုသာ သုံးသပ်လိုပါသည်။ သနားစရာကောင်းသည်မှာ ဒီမိုကရေစီလိုချင်သည့် ရိုးသားသည့် မြန်မာပြည်သူများအနေဖြင့် တကယ်စစ်မှန်ပြီး အနှစ်သာရပြည့်ဝသည့် ဒီမိုကရေစီကို ရယူပိုင်ဆိုင်ခွင့် မရှိခဲ့ခြင်းပင်ဖြစ်သည်။

ပြည်သူတွေပေးခဲ့သည့် ဒီမိုကရေစီအစစ်အမှန်ကို မိုက်မဲစွာဖြင့် ဘယ်သူတွေစွန့်ခွာခဲ့ကြသလဲ၊ စစ်မှန်စည်းကမ်းပြည့်ဝ ဟူသည့်စကားစုတစ်ခုကို ထပ်တိုးပြီး မြန်မာနိုင်ငံ၊ မြန်မာပြည်သူတို့နှင့် ထိုက်တန်သင့်လျော်သည့် ဒီမိုကရေစီပုံစံကို လက်ရှိဘယ်သူဘယ်သူတွေက ပုံဖော်နေသလဲ၊ တကယ်ပဲသွားနေသလား၊ လက်ရှိ Road Map နှင့် အခင်းအကျင်းများကို ပညာဉာဏ်အမြော်အမြင်ဖြင့် ဆန်းစစ်ကြည့်စေလိုသည်။ အထူးသဖြင့် အညွန့်တလူလူဖြင့် အနာဂတ်မျိုးဆက်သစ်များကို ဤသို့အဖြစ်မခံလို၊ အတွေ့အကြုံရှိ လူကြီးများအနေဖြင့် မိမိတို့၏ စိတ်စေတနာကောင်းများဖြင့် လမ်းမှန်ကို ပြသပေးစေလိုသည်။ လူငယ်များအနေဖြင့် ယုံကြည်မှုတစ်ခု အရင်းပြု၊ အယူမှားပြီး ဘုရားပြီး ငြိမ်းဖျက်ခံ ပန်းထမ်းတင်ပေးဘဝများအဖြစ်သို့ မရောက်မိရန်လိုသည်။ လွယ်လွယ်ကူကူ အသုံးချမခံရဘဲ ဘဝကိုကောင်းမွန်စွာ ဖြတ်သန်းကျော်ဖြတ်အောင်မြင်စေလိုသည်။ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲများ အဖြစ်မခံ၊ အတိတ်ကို ကောင်းစွာ သင်ခန်းစာယူပြီး ကိုယ့်လူမျိုး ကိုယ့်အမျိုးသား အကျိုးစီးပွားဘက်ကသာ ခိုင်ခိုင်မာမာရပ်တည်သင့်သည်ဟု မြင်ပါသည်။

သဒ္ဒါလွန်- ကျွန်ဖြစ်တတ်သည်ကို သတိမူဖို့ အတိတ်နမူနာများလည်းရှိပြီးဖြစ်သည်။ ခေတ်သစ်နယ်ချဲ့တို့၏ ကစားကွက်ထဲအရောက်မခံ ဘယ်သူ့ရုပ်သေးရုပ်မှလည်း အဖြစ်မခံ၊ လုံခြုံရေးစည်းမပေါက်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ခရီးရောက်အောင် စည်းလုံး ညီညွတ်သင့်ကြပြီဟုသာ မြင်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးနှင့်အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၁၀၅) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်–

(က) ဒုတိယဦးစီးမှူး — ကျား(၅၀)နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) — မ (၅၀)နေရာ

(ခ) အငယ်တန်းစာရေး — ( ၅ )နေရာ
(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀–၉–၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ် ထက် မကျော်လွန်စေရ။
(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀–၉–၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) ဒုတိယဦးစီးမှူးရာထူးအတွက် စီးပွားရေးနှင့်ဆက်နွှယ်သည့် ပညာရပ်ဆိုင်ရာ ဘွဲ့ရရှိသူဖြစ်ရမည်။
(B.Com, B.Econ(Stats),B.Econ(Eco), B.Act, B.B.M, B.B.A, B.P.S, B.Dev.S, B.P.A,……စသည့် စီးပွားရေးနှင့် ဆက်နွှယ်သည့် ဘွဲ့များ)
(အထက်ပါဘွဲ့အားလုံးအတွက် မဟာဘွဲ့ရသူများလည်း လျှောက်ထားနိုင်ပါသည်။)
(စ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
(ဆ) ဒုတိယဦးစီးမှူးများသည် ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
အငယ်တန်းစာရေးများသည် ဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရန်နှင့် ရုံးချုပ်နှင့် နေပြည်တော်အတွင်းရှိ စီမံကိန်းဦးစီးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) ဒုတိယဦးစီးမှူးနှင့်အငယ်တန်းစာရေးရာထူးများအတွက် ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(ဈ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနရှိ လက်ရှိ ရာထူးသက်(၂)နှစ်ပြည့်ပြီးသည့် အကြီးတန်းစာရေးနှင့် စာရင်းကိုင်(၃)များသည် ဌာနတွင်း သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီပါက ဒုတိယဦးစီးမှူးရာထူးသို့ ဝင်ရောက်လျှောက်ထားနိုင်သည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁,၀၀၀ (ကျပ်တစ်ထောင်တိတိ)ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး များ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်–

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ဂ) မွေးသက္ကရာဇ်
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(ဆ) ယခင်ကနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းရှိ–မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့်အကြောင်းအရာ၊
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
(ည) ဆက်သွယ်ရန်လိပ်စာနှင့် ဆက်သွယ်ရမည့် ဖုန်း/Viber/Email Address(ရှိလျှင်)
(ဋ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲပါရှိရပါမည်–

(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ။ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(စ) ယခင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သောတစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း
(ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ည) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ထောက်ခံချက်မူရင်း

၅။ လျှောက်လွှာများကို ရုံးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ ၃၀–၉–၂၀၂၃ ရက်နေ့၊ ၁၆:၀၀နာရီ နောက်ဆုံးထား၍ အရောက် ပြန်လည်ပေးပို့ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ရန်ဖြစ်ပြီး၊ လျှောက်လွှာမူရင်းခွဲတစ်စောင်ကို ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ ၃၀–၉–၂၀၂၃ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ပြည်နယ် စီမံကိန်းဦးစီးရုံး ရုံးစိုက်ရာမြို့ကြီးများ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ Website ဖြစ်သော www.mopf.gov.mm အောက်ရှိ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန Web Page နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းဦးစီးရုံးများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၁)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)၊ အုပ်ချုပ်ရေးကဏ္ဍ၊ တယ်လီဖုန်းအမှတ်–၀၆၇–၄၀၇၀၂၀၊ ၀၆၇–၄၀၇၅၁၇ သို့ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အေးသာယာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂ တိုးချဲ့)၊ မြေကွက်အမှတ် (၉၅)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစာရင်းတွင် ဒေါ်တင်တင်မော် ၁၁/သတန(နိုင်)၀၄၅၂၈၀အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက် ဒေါ်တင်တင်မော်ထံမှ ဦးထွန်းနေမင်း ၁၁/မပန(နိုင်) ၁၁၉၇၁၄က ယင်းမြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှထွေး ၉/မနတ(နိုင်)၀၀၂၆၂၃မှဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်စိုးသီတာအေး –LLB, WIPO (Switzerland)**
**အထက်တန်းရှေ့နေ စဉ် – ၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၄၄၆၇၇၇၁၆**

## ပိုင်ဆိုင်သက်ဆိုင်သူများမှ ကန့်ကွက်နိုင်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉) ရပ်ကွက်၊ ဦးရာဇတ်လမ်း၊ အမှတ် - ၁၅/၁၀၉၃ (ခ)၊ အကျယ်အဝန်း (အလျား ၂၀ ပေ × အနံ ၆၀ ပေ) ရှိ မြေကွက်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးသိန်းဟန်အမည်ဖြင့် မြေချပါမစ်ထုတ်ပေးထားခဲ့ပြီး၊ ဦးသိန်းဟန်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသည့် ဦးကျော်ဇေအောင် (၈/ကမန (နိုင်) ၀၅၅၄၉၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခတ္တာ (၁၂/ဒလန (နိုင်) ၀၆၁၂၅၉) + ဒေါ်မေနှင်းသဇင် (၁၂/ဒလန (နိုင်) ၁၀၅၂၈၇) တို့မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော ယင်းမြေကွက်တန်ဖိုးအနက်မှ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများမှ ဤကြေညာသည့်နေ့ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်တင်ချောစုလှိုင်**
**(စဉ်–၂၃၇၆၀) အထက်တန်းရှေ့နေ**
**အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၉၅၅၄၃၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/28049, Super Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd. က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/48837, Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်း ၉/ခအဇ(နိုင်)၀၁၄၄၅၇ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၅–၈–၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မွန်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်ဆက်မွန်အိ ၁၂/စခန(နိုင်)၀၆၀၆၄၀ အစား ဒေါ်ဆက်မွန်အိ ၁၂/စခန(နိုင်)၀၆၀၉၄၀ နှင့် ဒေါ်စုစန္ဒာကျော်အစား ဒေါ်စုစန္ဒာဇော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အလိမ္မာ စာမှာရှိ**

## မိုးမိတ်ခရိုင်၌ မိုးစပါးစိုက်ဧက ၄၀၃၈၁ ဧက စိုက်ပျိုးပြီးစီး

မိုးမိတ် ဩဂုတ် ၁၆–ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃–၂၀၂၄ ခုနှစ် မိုးစပါး ၄၀၃၈၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ဧကများကို ကြဲခင်းများ စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးပြီးဖြစ်ရာ မိုးမိတ်မြို့နယ်၌ မိုးစပါးစိုက်ဧက ၁၆၃၈၅ ဧကနှင့် မဘိမ်းမြို့နယ်၌ မိုးစပါးစိုက်ဧက ၂၃၉၉၆ ဧက စုစုပေါင်း ၄၀၃၈၁ ဧကတို့ကို စိုက်ပျိုးပြီးစီးခဲ့သည်။ ဆင်းရေ ၃ ၊ ရောမင်း၊ ကောက်ညှင်း၊ ပေါ်ဆန်း၊ မှော်ဘီနှင့် ဒေသယာစပါး၊ တောင်ယာစပါးများကို အများဆုံးစိုက်ပျိုးထားသည်ဟု ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဖြူဖြူအေးထံမှ သိရသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်း တိုးတက်စေရေးအတွက် တောင်သူများအား နည်းပညာပေးခြင်း၊ ဓာတ်မြေဩဇာနှင့် မြေဩဇာများ ဖြန့်ဝေခြင်း၊ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲရေးနည်းလမ်းများ အသိပညာပေးခြင်းနှင့် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်စေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **စည်သူဌေး(ပြန်/ဆက်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | – | မြင့်စိုး |
| **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းများ** | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | – | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | – | တင်စိုး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | – | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်တိုက်တွန်းနှိုးဆော်

"ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ – ၈ – ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၈၅ ကျပ် | ၂၃၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၅ ကျပ် | ၂၄၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၈၃ | ၇၃၇၇၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၃၉၅၉ | ၁၂၃၉၂၃၀၀ |
| MCB | ၇၇၀၀ | ၇၈၀၀ | ၆၃ | ၄၈၅၄၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၄၀၁၂ | ၆၆၄၅၄၀၀ |
| TMH | ၂၃၅၀ | ၂၃၀၀ | ၄၀ | ၉၃၇၅၀ |
| EFR | ၂၃၅၀ | ၂၃၀၀ | ၃၀၄၂ | ၆၉၉၆၇၀၀ |
| AHPC | ၅၀၀၀ | ၄၉၀၀ | ၂၆ | ၁၂၇၉၀၀ |
| MAEPC | ၁၉၅၀ | ၁၉၅၀ | ၁၄၈ | ၂၈၈၆၀၀ |

ညီညီ – စုစည်းသည်




## စိန်နန်းတော်စက်မှုလက်မှုနှင့် အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်မှ အစုရှယ်ယာတိုးမြှင့်ခြင်းနှင့် အစုရှယ်ယာရှင်အသစ်ခန့်အပ်ခြင်းတို့အား အများပြည်သူသိစေရန် ကြေညာချက်

စိန်နန်းတော်စက်မှုလက်မှုနှင့် အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်၏ အစုရှယ်ယာအား အစုရှယ်ယာ(၁)စုလျှင် တန်ဖိုးငွေကျပ် ၁၀သိန်းနှုန်းဖြင့် အစုရှယ်ယာ ၂,၀၀၀ စုမှ အစုရှယ်ယာ ၂,၃၃၀စုသို့ ပြောင်းလဲရန် ဆုံးဖြတ်ကြပြီး ဦးသိန်းသန်းမှ ယခင်အစုရှယ်ယာ ၂,၀၀၀စု တန်ဖိုးငွေကျပ်(၂၀၀၀,၀၀၀.၀၀၀/-)မှ ယခုအစုရှယ်ယာ ၂၃၀၀စု တန်ဖိုးငွေကျပ် (၂,၃၀၀၀၀၀.၀၀၀/-)သို့ တိုးမြှင့်ထည့်ဝင်ခြင်းနှင့် အစုရှယ်ယာရှင်အသစ် ဦးဉာဏ်အောင်မှအစုရှယ်ယာ (၃၀)စုတန်ဖိုးငွေကျပ် (၃၀,၀၀၀၀၀၀/-)ထည့်ဝင်ပြီး အစုရှယ်ယာရှင်အသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အများပြည်သူများသိရှိစေရန်နှင့် စိန်နန်းတော်စက်မှုလက်မှုနှင့် အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်မှ ငွေကြေးဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် အသင်းသားများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
စိန်နန်းတော်စက်မှုလက်မှုနှင့် အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်
ဖုန်း-၀၉-၆၉၄၀၀၁၇၃၅

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နေ (ဘ) ဦးမိုးအောင်သန့်၏သား မောင်ကောင်းခန့်ဇော် ၁၂/မဘန(နိုင်)၁၇၅၁၀၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၁၅၄၈၂၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/92064, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထူး ၉/မကန(နိုင်)၁၂၈၇၅၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
ကျောက်တံခါးမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - (၂၃)

ဒေါ်ယုယုထွေး (တရားလို) နှင့် ဦးစိုးသီဟ (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ရွှေကျင်မြို့၊ ရှမ်းကျေးရပ်ကွက်၊ ဈေးပိုင်းနေ ဦးစိုးသီဟ (ဘ)ဦးစိုးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ယုယုထွေးက " လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ဖြင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၆)ရက်၊ ၁၃၈၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့ သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

(ငြိမ်းချမ်းမိုး)
ဒုတိယမြို့နယ်တရားသူကြီး
ကျောက်တံခါးမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/5275, Toyota Harries MCU10, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးအောင် ၉/တသန(နိုင်)၂၅၁၅၄ က(ကမ-၃) ပျောက် ဆုံး ၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃ မာန်ပြေ) ရပ်ကွက်၊ မာန်ပြေ(၁၅)လမ်းအရှေ့၊ အမှတ်(၇၆)၊ အကျယ်(၁၈ပေx၅၄ပေ)ရှိ မှန်ခန်းတစ်ခန်း အပါအဝင် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဘောက်လန် ၁၃/ မဆတ(နိုင်)၀၀၄၅၂၀ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များ ရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်းအရောင်း အဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇)
LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၇၀၄၂

## တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ မျှော့တောကျေးရွာအုပ်စု၊ မျှော့တော ကျေးရွာရှိ ဦးယဉ်မင်းအောင်မှ နေမင်းရာဇာ တံဆိပ်အမည် အမှတ်အသားဖြင့် သဘာဝမြေဩဇာလုပ်ငန်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည် အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးယဉ်မင်းအောင် ၉/ပဥလ(နိုင်)၀၅၀၇၁၈
အိမ်အမှတ်(၇၃)၊ ပြင်ဦးလွင် - မိုးကုတ်ကားလမ်းဘေး
ရပ်ကွက်ကြီး(၂၁/မိုးကြိုးပစ်)၊ ပြင်ဦးလွင်မြို့။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ (၁၀)လမ်း၊ အမှတ်-၄၉နေ ဦးတင်ထွန်း ၃/ကကရ(နိုင်)၀၀၆၄၆၁ နှင့် ဒေါ်သင်းသင်းစိုး ၅/ရဥန(နိုင်)၀၆၁၄၅၆ တို့၏ သားဖြစ်သူ မောင်သက်ပိုင်စိုး ၁၂/လသယ(နိုင်)၁၀၉၆၆၇ သည် မိဘများနှင့် ညီအကိုမောင်နှမများ၏ ဆိုဆုံးမပြောစကားများအား နာခံလက်ခံခြင်းမရှိသည့်အပြင် မိဘများနှင့် ညီအစ်ကိုမောင်နှမများအားလည်း ရန်သူသဖွယ်ပြုမူပြောဆိုဆက်ဆံသည့်အတွက် သက်ပိုင်ဦးအား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ထို့ကြောင့် ယခု ကြေညာချက်အား ကြေညာပြီးနောက် သက်ပိုင်ဦးနှင့်ပတ်သက်သည့် မည်သည့်ပြဿနာအရှုပ်အရှင်း ကိစ္စတစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက် ပေးမည်မဟုတ်ပါကြောင်း ထပ်စောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်သဲမောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၉၉)
အမှတ်-၁၀၄၁/ခ၊ နဂါးနီလမ်း၊ (၇)ရပ်ကွက်၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၉၅၂၆၈၆၈

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ် (၁၁၀)၊ ဗလမင်းထင်လမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဖခင်(ဦးမျိုးဝင်း)မှ အမည်ပေါက်ပိုင်ဆိုင်၍ ဖခင်(ဦးမျိုးဝင်း)မှာ(၃-၃-၂၀၁၈)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ(ဒေါ်ခင်မေ)သည်(၂၉-၃-၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ ဖခင်နှင့်မိခင် ကွယ်လွန်ပြီးနောက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြပြီး အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော(၁) ဒေါ်သက်သက်ဝင်း၊ (၂) ဦးမျိုးညွန့်၊ (၃) ဒေါ်မေရီဝင်း၊ (၄) ဒေါ်မေအေးဝင်း (၅) ဒေါ်ခင်မျိုးသန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂)(LL.B)
အထက်တန်းရှေ့နေ
အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၁၁၀၄၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (7-D)၊ မြေကွက်အမှတ်(၅၇)၊ ဧရိယာ( ၀.၀၂၈ )ဧကရှိ နှစ်(၉၀)ဂရန်မြေကွက် အကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ်တိုက် အဆောက်အအုံမှ(၃-လွှာ)တိုက်ခန်းတစ်ခန်းတို့ကို မြေအမည်ပေါက်သူ ဒေါ်ယုယုမော် ၁၂/ဗဟန(နိုင်)၀၄၃၈၅၆ထံမှ ကျွန်တော်ဦးကိုကိုနိုင်က အပြီးအပိုင်ဝယ်ယူရန်အတွက် ၂၉-၇-၂၀၂၃ ရက်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကိုကိုနိုင်
၁၂/အစန(နိုင်)၁၆၄၅၀၁
အမှတ်(၆၅)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၅၁၉၄၄၃၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၅၁၉၈, Kenbo (CZI-125) ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Trading Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အကွက်အမှတ် (၂၈၊ ညောင်သုံးပင်မြောက်ကွက်)၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး (၂)လမ်း၊ မြေကွက်အမှတ် (ဃ/၅၅) ဟုခေါ်တွင်သော အလျား x အနံ (ပေ၄၀ xပေ ၆၀) အကျယ်ရှိ ဦးသန်းစိုး အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံသူ ဒေါ်လဲ့လဲ့မာ (ဘ) ဦးမောင်လှိုင် ၇/ပမန(နိုင်) ၁၁၄၀၃၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းအေး (ဘ) ဦးမောင်ကျော်ခိုင် ၁၁/စတန(နိုင်)၀၁၆၈၆၉ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၆ .၈. ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ သုမင်္ဂလာစီမံကိန်း၊ တိုက်အမှတ် (E)၊ အခန်းအမှတ် (G- II) ၊ အကျယ်အဝန်း (၃၅ပေ × ၃၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်မို့မို့အောင် (၁၂/တမန (နိုင်) ၀၉၃၉၂၂) နှင့် (၂) ဦးဇော်ဖြိုးလင်း (၁၂/ဥကတ (နိုင်) ၁၅၀၅၃၃) ၎င်း၏ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၀၄/၂၀၁၈)အရ ဇနီးဖြစ်သူ ဒေါ်မို့မို့အောင် (၁၂/တမန (နိုင်) ၀၉၃၉၂၂)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းမှ မောင်အေး ၁၄/မအပ(နိုင်)၃၉၃၃၉၈ ၏ ဖခင် ဦးကြည်ညွှန့်(ခ)ဦးကြီးညွှန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အ.ထ.က(ဆီဆိုင်)မှ မူလတန်းပြ ဆရာမ ဒေါ်ဖြူဖြူဝင်း ၁၃/ဆဆန(နိုင်)၀၁၄၄၃၁ ၏ ဖခင် ဦးကြည်လှ(ခ)ဦးညိုမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အထက(ဆီဆိုင်)မှ မူလတန်းပြ ဆရာမ ဒေါ်နန်းလှစပယ်ဦး ၁၃/ဖခန(နိုင်)၀၀၁၂၉၈၏ ဖခင် ဦးစောနီတွတ်(ခ)ဦးကလေးတိုမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ မြစ်ကျိုး အထက Grade-11(သစ်)(A)မှ ကျောင်းဝင်အမှတ် ၀၁၉/၂၁ မောင်ပြည့်စုံထင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွေး ၇/ဝမန(နိုင်)၀၈၂၃၈၄ ဖြစ်ပါကြောင်း။

ဦးသိန်းထွေး

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ မြစ်ကျိုး အထက Grade-11(သစ်)(B)မှ ကျောင်းဝင်အမှတ် ၀၀၄/၂၁ မလှဲနန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဦး ၁၀/ပမန(နိုင်)၁၂၈၁၅၀ ဖြစ်ပါကြောင်း။

ဦးကျော်ဆန်းဦး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်- ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-၁၆၄၊ (အလျား ၂၅ ပေxအနံ ၅၀ ပေ)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကအကျယ်အဝန်းရှိ ဒေါ်အမာအမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၃၊ ဗိုလ်မြတ်ထွန်း (၁)လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့်အတူ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့ဝင်း(DBN-၀၀၄၂၃၃) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဦးမောင်မောင်သူရ (မြောင်းမြ) | ဦးဇေယျာထွန်း (LL.B) |
| LL. B, A.G.T.I (EP), D.B.L, D.M.L | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၃၂) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၀၈) | |
| ဒေါ်ချယ်ရီလှိုင် (LL.B) | ဦးစိုးလွင်ဦး (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၁) | အထက်တန်းရှေ့နေ (စဉ်–၃၇၉၈၁) |

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၁ နှင့်ဆက်သွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၄၃

| | | |
|---|---|---|
| ဒေါ်အေးအေးမြင့် | နှင့် | ၁။ ဦးတင်ထွန်းလင်း |
| | | ၂။ ဦးအောင်ကြီး |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

အမှတ်(၁၅၈)၊ ချမ်းသာရပ်ကွက်၊ ဇီဇဝါလမ်း၊ တောင်ကြီးမြို့နေ ဦးအောင်ကြီး (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၄ ရက်(၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးညွှန့်)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား
## အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၇၁)၊ အေ(၅)၊ မယ်ဇီကုန်း (၅၇)လမ်း၊ (၇)ရပ်ကွက်နေ ဒေါ်သုန္ဒြီဦး (ဘ)ဦးမော်ဟိန်း ၁၂/လမန(နိုင်)၁၅၂၃၁၄ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ် အဖြစ် (၄/၆၈၄၃/၂၀၂၃) ၂၈-၇-၂၀၂၃ တွင် တရားဝင်မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်-

MAY PLEASURE
COLLECTION

အထက်ပါ တံဆိပ်အမည်အမှတ်အသား May Pleasure ဖြင့် မိမိတို့၏ ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသားဝတ်အမျိုးမျိုး၊ အမျိုးသမီးဝတ်အမျိုးမျိုး၊ ကလေးဝတ်အထည်ဒီဇိုင်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဒေါ်သုန္ဒြီဦး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ပုံတူပုံမှားထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ Internet Website, Facebook များမှ ကြော်ငြာဓာတ်ပုံများကို ရယူအသုံးပြုခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သုန္ဒြီဦး ၁၂/လမန(နိုင်)၁၅၂၃၁၄**
**အမှတ်-၇၁၊ အေ-၅၊ မယ်ဇီကုန်း (၅၇) လမ်း၊ ၇ ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၆၂၁၃၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၄၅)၊ ၇လွှာ၊ အခန်းအမှတ်(7-A)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၈x၅၀)ပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဆွေ ၁၃/တကန(နိုင်)၀၁၀၆၄၄ ထံမှ ကျွန်တော်ကိုအောင်မျိုးသိမ်းကဝယ်ယူရန် အခန်းတန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်အတူ ကျွန်တော့်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုအောင်မျိုးသိမ်း ၁၂/ဥကတ(နိုင်)၁၆၂၁၅၃**
**ဖုန်း-၀၉-၂၅၀၀၀၄၁၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ်(S-172၊ S173)၊ ဧရိယာ ၀ ဒသမ ၄၅၉ ဧကရှိ Sea Lion Co.,Ltdအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်အိသဥ္ဇာကျော် (ဘ)ဦးဝင်းကျော်သွင် ၁၁/စတန(နိုင်)၀၆၀၉၉၀ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၈၇/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်နုနုကြည်(ဘ)ဦးအောင်ဖေ ၁၂/တဘန(နိုင်)၀၆၃၃၃၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ ဘရဏီ ၂ လမ်း၊ အမှတ် (၉၂/က)ဟု ခေါ်တွင်သည့် ၁ ခန်းတွဲ၊ ၆ ထပ်တိုက်၏ ဒုတိယ ထပ်(၃) လွှာ၊ အကျယ်(၁၈x၅၅)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဒေါ်သီတာအောင် ၁၀/မလမ(နိုင်)၀၄၈၅၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုမွန် ၆/မအရ(နိုင်) ၀၁၂၀၅၁ သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးသန့်(LL.B) (C.B.L)**
**အထက်တန်းရှေ့နေ(စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ဦးပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ အကွက်အမည် – ကညံ့၊ ဦးပိုင်အမှတ် (၂၄၁)၊ မြေရေိယာ ၀ ဒသမ ၃၅၉ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်–

(က) အရှေ့လားသော် – ဦးပိုင်အမှတ်(၂၄၀.စ)၊ ဦးပိုင်အမှတ်(၂၄၀.ဆ)
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်(၂၄၂.ဃ)၊ ဦးပိုင်အမှတ်(၂၄၂.စ)
(ဂ) တောင်လားသော် – ဦးပိုင်အမှတ်(၂၃၉)
(ဃ) မြောက်လားသော် – သီတာလမ်း

အထက်ဖော်ပြပါမြေကို ဦးပိုင်အမည်ပြောင်းပေးရန် ဦးပိုကြည်ပါ (၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၄)လမ်း၊ အမှတ်(၆၀၈)နေ ဒေါ်ခင်ဥမ္မာရီ (ဘ)ဦးအောင်ရွှေ ၁၂/ဥကမ(နိုင်) ၀၁၆၇၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် –ဒ/၆၃၊ (၁၇)ရပ်ကွက်အပိုင်း(၃)၊ ရွှေမင်းလမ်း၊ မြေကွက်အမှတ်(၇၅၂)ဟုခေါ်တွင်သော အကျယ်အဝန်းအလျား ပေ ၄၀ x အနံ ပေ ၆၀မြေကွက်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒုအရာခံဗိုလ်အေးမြ(ကပ–၄၁၄၇၀၈) အမည်ဖြင့်တည်ရှိသော ပါမစ်မြေကွက်အမျိုးအစားဖြစ်ပြီး ဦးအေးမြ ၇/ပမန(နိုင်)၀၀၄၈၈၅ မှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းနှင့် မိမိသာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ပြောကြားဝန်ခံ၍ ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဥမ္မာရီ ၁၂/ ဥကမ(နိုင်)၀၁၆၇၉၅ (၎င်း၏ကိုယ်စားအစ်မဖြစ်သူ ဒေါ်တင်တင်မာမှ တာဝန်ယူလက်မှတ်ရေးထိုး၍ ဝယ်ယူသူ)မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ရောင်းချသော ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ခင်ဥမ္မာရီ** | **ဒေါ်တင်တင်လှိုင်(LL.B)** |
| **၁၂/ဥကမ(နိုင်)၀၁၆၇၉၅** | **တရားလွှတ်တော်ရှေ့နေ** |
| **(၎င်း၏ကိုယ်စားအစ်မဖြစ်သူ** | **(စဥ်–၁၄၇၆၄)** |
| **ဒေါ်တင်တင်မာမှတာဝန်ယူ** | **ရုံးခန်းအမှတ်(၁)၊ သမာဓိလမ်း၊** |
| **လက်မှတ်ရေးထိုး၍ဝယ်ယူခြင်း** | **(ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်** |
| **ဖြစ်ပါသည်။)** | **တရားရုံးအနီး** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ မြေကွက်အမှတ်–၇၅၂၊ အဆောက်အအုံအမှတ်– ၁၆ (ဦးစိုးနှင့်ဒေါ်ခင်နုအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်) (အလျား၂၅ ပေ x အနံ ၅၀ ပေ) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ်(B) ဟုခေါ်တွင်သည့် (အလျား ၁၂ ၁/၂ ပေ x အနံ ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်း၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင် ရေမော်တာအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းအားလုံး၏ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဦးအောင်သူရိန် ၁၃/တကန(နိုင်)၁၃၂၃၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစောအော်လီဗာဆမ်းဆမ် ၁၂/ဒဂမ(နိုင်)၀၀၆၃၀၉ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေရာ ဦးအောင်သူရိန်၏ကိုယ်စား ဦးအာကာမင်းထွေး ၁၂/ကမရ(နိုင်)၀၆၁၄၁၆ က လက်ခံရယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဦးအောင်သူရိန်နှင့် ဦးအာကာမင်းထွေးတို့၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးသူဇာအောင်** | **ဒေါ်ယဉ်မျိုးထက်** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၇၉၄၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၆၃၈)** |
| **သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊** | **သဃ်န်းကျွန်းမြို့နယ်တရားရုံး။** |

**ဖုန်း–၀၉–၄၂၄၅၉၆၈၃၀၊ ၀၉–၇၉၉၅၆၁၅၇၄၊ ၀၉–၂၅၂၀၅၄၄၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၂)လမ်း၊ အမှတ်(၆၅/K)ဟုခေါ်တွင်သော အဆောက်အအုံပြီးစီးကြောင်းလက်မှတ်(BCC)ရရှိပြီးသည့် Basement+၈ ၁/၂(Lift)ပါ တိုက်၏မျက်နှာမူရာ ဘယ်ဘက်မျက်နှာစာ ခေါင်းရင်းဘက်(လူမှုဝန်ထမ်းဝင်း) ဆဋ္ဌမထပ်(၇–လွှာ)၊ အကျယ်အဝန်း(၁၁၅၀)စတုရန်းပေခန့်ရှိသည့် အခန်း(၁)ခန်း၊ အခန်းအမှတ်(A–7) ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြိုးဖြိုးအိ ၁၂/ရပသ(နိုင်) ၀၇၆၉၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သက်သက်အောင် ၁၄/ကပန(နိုင်)၁၅၀၄၁၆မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီမာစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဥ်–၁၇၈၂၄ (၃၁–၁–၂၀၂၂)**
**အမှတ်(၅၈၀/၁)၊ သုခဗလ(၂)လမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဇရစ်/ခုံဝင်းဒပ်ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ အကွက်အမည် – ဇရစ်အကွက် ၊ ဦးပိုင်အမှတ် ( ၁၉ ) ၊ မြေရေိယာ ၀ ဒသမ ၀၆၉ ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်–

(က) အရှေ့လားသော် – နောက်ဖေးလမ်း
( ခ ) အနောက်လားသော် – နီလာလမ်း
( ဂ ) တောင်လားသော် – ဦးပိုင်အမှတ်( ၁၈ )
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်( ၂၀ )

အထက်ဖော်ပြပါမြေကို ( ဘိုးဘပိုင်အမည်ပြောင်း )ပေးရန် ဦးဝင်းစိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် စက်တင်ဘာလ ၁၅ ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ကျေးရွာ၊ ကွင်းအမှတ်–၉၉၉$^{B}$ ကလီထော်ကွင်း၊ ဦးပိုင်အမှတ်–၂၃ခ/၂၊ ၂၃ဃ/၁ဟုခေါ်တွင်သော ဧရိယာ (၀ ဒသမ ၅၆ + ၂ ဒသမ ၆၈) ဧကရှိ လယ်မြေနှင့် လယ်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မွန်မွန်သက် ၇/ဖမန(နိုင်)၀၀၁၄၁၈ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံတိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအေးမင်း (LL.B) (စဥ်–၁၀၅၁၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၇၃၄)၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၂၆၇၀၁၇၀၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၁၄၉)၊ အကျယ်ပေ(၄၀ x ၆၀)၊ မြေအမျိုးအစား၊ ပါမစ်မြေမူရင်းနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေ စာရင်းတွင် ဦးထွေးမြင့် ၁၂/မရက(နိုင်)၀၃၆၄၀၈ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမျိုးကိုကို ၁၄/ဝခမ(နိုင်)၂၄၄၇၀၄ က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဖြိုးထက် (LL.B) အထက်တန်းရှေ့နေ (စဥ် – ၅၀၂၈၉)အမှတ် (၅၁၄၊ ၅၁၈)၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် တိုင်းရင်းမေကွန်ဒို၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၄၅၈၆၃၁၇၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံ၊ အနောက် ၁၄လမ်း၊ အမှတ်(၈၄၉)ခြေရင်းခန်း–C၊ အကျယ်အဝန်း ၁၃' x ၅၄'၊ မြေညီတိုက်ခန်းပိုင်ရှင် ဒေါ်မာလာ ၁၂/သကတ(နိုင်)၂၂၁၄၈၀ထံမှ ကျွန်မ ဒေါ်အိထက်ထက်တင့် ၁၂/ဒဂတ(နိုင်)၀၂၂၄၅၅ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိထက်ထက်တင့်**
**၁၂/ဒဂတ(နိုင်)၀၂၂၄၅၅**
**ဖုန်း–၀၉–၄၀၂၇၁၁၀၂၈**

## ဒေါ်စီစီ ၁၂/ဗဟန(နိုင်)၀၅၆၃၉၄ သိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(၃၅၇/၃၅၈)နေ ဒေါ်စီစီ ၁၂/ဗဟန(နိုင်)၀၅၆၃၉၄ သည် ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၃၉၃)၊ လေးလွှာ(B)နေ ဦးကျော်သူစိုး ၁၂/အစန(နိုင်)၀၆၈၃၆၄ ထံမှ ငွေကျပ်သိန်းပေါင်းများစွာအား ယုံကြည်အောင်ပြောဆို၍ စာရွက်စာတမ်းအချို့ပေးအပ်ကာ ငွေများရယူသွားပြီး သတ်မှတ်သည့်အတိုင်း ပြန်လည်လာရောက်ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသဖြင့် ဒေါ်စီစီ အနေဖြင့် ၂၅–၈–၂၀၂၃ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ ငွေများအပြည့်အဝ လာရောက်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ပေးဆပ်ခြင်းမရှိပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်စီစီသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူစိုး ၁၂/အစန(နိုင်)၀၆၈၃၆၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကလျာဝင်း (စဥ်–၃၄၂၁၁)**
**အထက်တန်းရှေ့နေ**
**အမှတ်–၂၇၇/က၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၇၇၇၇၇၉၉၆၃၊ ၀၉–၇၈၂၇၈၂၇၂၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် –၅၊ နည်းဥပဒေ –၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် –၉၄

| | | |
|---|---|---|
| ဒေါ်ခင်မိုးမိုးအောင် | နှင့် | ဦးအောင်မြတ်သက် (K Group Construction Co.,Ltd) |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် (၇၀၉) ရပ်နေ ဦးအောင်မြတ်သက် သိစေရမည်။

သင့်အပေါ်၌ ဒေါ်မိုးမိုးအောင်က “တိုက်ခန်းလက်ရောက်ရလိုမှု” ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ် ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်(၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ–၆၁၇၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်အေးဝင်း (ဘ) ဦးကျော်အေး ၉/ရမသ(နိုင်)၀၅၇၅၆၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်အေးဝင်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၄၀၆၅/၂၀၂၂) (၂–၉–၂၀၂၂) ရရှိထားသူ ဒေါ်နွယ်နီဝင်း (ဘ) ဦးနက်ကျော် ၅/ကလန(နိုင်) ၀၃၅၅၃၇မှ ဒေါ်မင်းမင်းခိုင် (ဘ) ဦးဟံရိန်း ၅/ကလန(နိုင်)၀၃၃၈၇၇ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ–၄၇၇၃)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်အမာတင် (ဘ) ဦးရေး ၉/လဝန(နိုင်)၀၄၉၁၄၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ဝင်းဝင်းခိုင် (ဘ) ဦးအာရင် ၁၃/လရန(နိုင်)၂၁၈၅၉၁ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9V/64961 Yangon Wuling Diesel ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ငွေဖြိုး ၁၄/ဟသတ(နိုင်)၂၃၇၂၄၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/45737 Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါကျော် ၅/မရန(နိုင်)၀၂၅၇၁၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/80535 Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသူဟန် ၅/မရန(နိုင်)၁၉၁၅၈၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/52929 Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ဗိုလ်အောင်ကျော် လမ်းသွယ်(၅)လမ်း၊ မြေကွက်အမှတ် (၇၀၄)၊မြေကွက်အမှတ်(၇၀၃)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးဇော်မင်း(CG–၀၅၁၃၇၉) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးသက်ခိုင် ၁၀/ခစန(နိုင်)၀၆၁၈၄၅ သည် “နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များ”ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**(စဥ်–၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉– ၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ် စိုးနွယ် (ငြိမ်း) ကြည်း/၁၄၂၆၈
### စစ်တက္ကသိုလ်အပတ်စဉ် (၁၉)
### သံအမတ်ကြီး(ငြိမ်း) (ဆားဗီးယားနိုင်ငံ၊ မွန်တီနီဂရိုးနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဩစတီးယားနိုင်ငံ၊ ချက်ရီပတ်ဘလစ်နိုင်ငံ၊ ပိုလန်နိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အက်စတိုးနီးယားနိုင်ငံ)
### အသက် (၆၈)နှစ်

(ဦးစောလှိုင်-ဒေါ်သွေးစိန်)တို့၏သား၊ (ဦးလီယာ-ဒေါ်မာရီယာ)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်လေးလေးနွယ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇော်ထွန်း-ဒေါ်စန္ဒီစိုး၊ ဦးစိုးမြတ်ဟိန်း-ဒေါ်ခိုင်ခိုင်ဇင်၊ ဦးစိုးမြတ်ထွဋ်-ဒေါ်နားနား တို့၏မွေးသဖခင်၊ မောင်စိုးသန့်ပိုင်မင်း၊ မောင်ကောင်းမြတ်ဟိန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်စိုးနွယ်(ငြိမ်း)သည် ၁၆-၈-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံ ခုတင် (၅၀၀)၌ ကွယ်လွန်သွားပါသည်။

ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၈-၈-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်စစ်ဆေးရုံ၊ ခုတင်(၁၀၀၀)ငြိမ်းအေးဇရပ်၌ တရားနာယူပြီး၊ မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ၂၂-၈-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၀၉:၀၀နာရီမှ ၁၂:၀၀နာရီအတွင်း အထက်ဖော်ပြပါ နေအိမ်သို့ ရက်လည်တရားနာကြွရောက်ပေးကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား ၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်နှင်းမြ(သက္ကလ)
### အသက်(၈၈)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ဦးမျိုးမြင့်(ညွှန်ကြားရေးမှူးချုပ်)-ဒေါ်မြင့်မြင့်စိန် (ငြိမ်း) အဆောက်အဦဦးစီးဌာနတို့၏ မိခင်ဖြစ်သူ ဒေါ်နှင်းမြ(သက္ကလ)သည် ၁၅-၈-၂၀၂၃ရက်(အင်္ဂါနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဋ္ဌေးဝင်းအောင် - ဒေါ်အေးအေးမော်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)**
**အဆောက်အဦဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်နှင်းမြ(သက္ကလ)
### အသက်(၈၈)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ဦးမျိုးမြင့်(ညွှန်ကြားရေးမှူးချုပ်)-ဒေါ်မြင့်မြင့်စိန် (ငြိမ်း)အဆောက်အဦဦးစီးဌာနတို့၏ မိခင်ဖြစ်သူ ဒေါ်နှင်းမြ(သက္ကလ)သည် ၁၅-၈-၂၀၂၃ရက်(အင်္ဂါနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့်**
**အရာထမ်း ၊ အမှုထမ်းများ**
**အဆောက်အဦအထူးအဖွဲ့(၄)၊ နေပြည်တော်**

---

## ဒေါ်ခင်ဝင်းသန်း
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ(ဦးဘသန်း-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဒေါက်တာဦးအုန်းလွင်)၏ဇနီး၊ ဦးထွန်းသန်း၏ ညီမ၊ ဦးရဲဝင်းအောင်-ဒေါ်ဆန်းနွေးလွင် (ခေတ္တ -Singapore)၊ ဦးပြည့်ဖြိုးလွင်-ဒေါ်ကျုံးကျုံး(ခေတ္တ- Australia)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ မဝေဖူးသက်အောင်၊ ကိုသီဟလွင်ထက်၊ မဖူးမြတ်သခင်တို့၏ အဘွားသည် ၁၅-၈-၂၀၂၃ရက်(အင်္ဂါနေ့)ည ၁၁:၄၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် (၁၇-၈-၂၀၂၃) (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုလ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ သဃ်န်းဒေါင့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၇)၊ မြို့ရိုးကွင်း၊ ဦးပိုင်အမှတ်(၁၀၉/၆)၊ ဧရိယာ (၀.၉၈) ဧကရှိ အဆောက်အအုံမြေအား ဦးတင်ဝင်းအောင် အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄) ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတင်ဝင်းအောင်**
**၁၄/ရကန(နိုင်)၀၃၈၇၈၂**
**သရက်ပင်လှကျေးရွာ၊**
**သဃ်န်းဒေါင့်ကျေးရွာအုပ်စု၊**
**ရေကြည်မြို့နယ်။**
**၀၉-၇၉၈၅၄၀၅၉၁**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နှင်းမြ
## အသက်(၈၈)နှစ်

ဦးမျိုးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦဦးစီးဌာန) - ဒေါ်မြင့်မြင့်စိန် (ငြိမ်း-အဆောက်အဦဦးစီးဌာန) တို့၏မိခင်ဖြစ်သူ ဒေါ်နှင်းမြ အသက်(၈၈)နှစ်သည် (၁၅-၈-၂၀၂၃)ရက်(အင်္ဂါနေ့) ည ၉ နာရီတွင် ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်း၊ အမှတ်-၁၅(င)နေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦအထူးအဖွဲ့(၆)ဝန်ထမ်းမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ် စိုးနွယ်(ငြိမ်း)
### (ကြည်း-၁၄၂၆၈)
### စစ်တက္ကသိုလ်အပတ်စဉ် (၁၉)
### အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်လေးလေးနွယ်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ် စိုးနွယ် (ငြိမ်း)သည် ၁၆-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းကောင်းရာသုဂတိသို့လားပါစေ**

**စစ်တက္ကသိုလ်အပတ်စဉ် (၁၉)မှ သူငယ်ချင်းများ**

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်စိုးနွယ်(ငြိမ်း)(ပုလော)
### အကြံပေး နာယက၊ ပုလောမြို့နယ်အသင်း(ရန်ကုန်)
### အသင်းဝင်အမှတ်-၃၂၉
### အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်လေးလေးနွယ်၏ခင်ပွန်း၊ ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ် စိုးနွယ်(ငြိမ်း) သည် ၁၆-၈- ၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် (၁၈-၈-၂၀၂၃)ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်စစ်ဆေးရုံ(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားနာယူပြီး မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ပုလောမြို့နယ်အသင်း(ရန်ကုန်)နာယက၊ အမှုဆောင်များ၊ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ပေးကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။(အသင်းမှ ကားများ နံနက်၉နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်ဌေး
### သက်(၉၇)နှစ်

ပြည်ထောင်စုစာရင်းစစ်ချုပ်(ငြိမ်း) ဦးတင်ဦး-ဒေါ်သီတာဌေး တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ဌေး သည် ၁၄-၈-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၂:၂၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း**

---

## ဗိုလ်ကြီးကျော်မြင့်(အငြိမ်းစား)
## ရေ-၄၉၃၄၊ ရလန(၃၄)
## အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်အိမ်ရာ၊ တိုက် (၂၀)B၊ အခန်း (၃၀၄)နေ (ဦးစိန်ရွှေ-ဒေါ်အုံးခင်)တို့၏သား၊ ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနန္ဒဦး-ဒေါ်နန်းအေးအေးသိန်း၊ ဦးအောင်မျိုးသူ-ဒေါ်မြင့်မြင့်ခင်၊ ဦးဉာဏ်လင်းထွဋ်-ဒေါ်ရည်မွန်မြင့်တို့၏ မွေးသဖခင်၊ မြေး (၄)ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးကျော်မြင့်သည် ၁၆-၈-၂၀၂၃ရက် နံနက် ၇:၃၀ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၈-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၁:၀၀ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### သင့်သွေးဖြင့် အသက်ကယ်ပါ

---

# ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်နှင်းမြ (သက္ကလ)
# အသက် (၈၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့နေ (ဦးဘိုးအေး-ဒေါ်တင်မေ)တို့၏ သမီးကြီး၊ (ဦးတရုတ်ကြီး-ဒေါ်ခင်မြ)တို့၏ချွေးမ၊ (ဦးစိုးဝင်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးသိန်းဦး-ဒေါ်သီတာအောင်၊ ဦးမျိုးမြင့်(ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦဦးစီးဌာန)-ဒေါ်မြင့်မြင့်စိန်(ငြိမ်း၊ အဆောက်အဦဦးစီးဌာန)၊ ဦးအေးသွင်(ငြိမ်း၊ငါးလုပ်ငန်းဦးစီးဌာန)-ဒေါ်အေးအေးမွန်(ပါမောက္ခ၊ မြန်မာစာ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်ဥတ္တမိ(သဲအင်းဂူတံတား)၊ ဒေါ်သီသီအေး၊ ဦးသက်ထွန်း-ဒေါ်ဝင်းဝင်းနွယ်(ဩစတြေးလျ)၊ (ဦးအောင်သွင်)-ဒေါ်တင်တင်ခိုင် (အထက သက္ကလ)၊ ဦးမြင့်ဌေး၊ ဒေါ်စရဏ (သဲအင်းဂူမှော်ဘီ)၊ ဦးတင့်လွင်-ဒေါ်စန္ဒာဌေး(‘မြင့်’ကားပစ္စည်းဆိုင်)တို့၏မွေးမိခင်၊ မြေး(၁၆)ယောက်၊ မြစ်(၇)ယောက်တို့၏ အမေကြီး သည် ၁၅-၈-၂၀၂၃ရက်(အင်္ဂါနေ့)ည ၉နာရီတွင် အင်းလျားမြိုင်လမ်း၊ အမှတ်(၁၅/င)နေအိမ်၌ ဘဝတပါးသို့ပြောင်းလဲသွားပါသဖြင့် ၁၇-၈-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၂၃ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် စတင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထွေးထွေးမိုး
### အသက် (၆၂) နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးမင်းမင်း-ဒေါ်မာယာဖုန်းတို့၏အစ်မ၊ အင်းစိန်မြို့နယ်၊ အမှတ် ၁၀၆-န၊ လေဆိပ်ရိပ်သာလမ်းနေ ဒေါ်ထွေးထွေးမိုး၊ အသက်(၆၂) နှစ်သည် ၁၅-၈-၂၀၂၃ရက်၊ (အင်္ဂါနေ့) ညနေ ၁၆:၁၈နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ကုန်သွယ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ချယ်ရီလမ်း၊ မြေကွက်အမှတ်(၁၇၂)ဟုခေါ်တွင်သော အလျား(၃၀)ပေxအနံ(၅၀)ပေရှိမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ ညာဘက်အခြမ်း အလျား(၁၅)ပေxအနံ(၅၀)ပေအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်များအား ဒေါ်လွင်လွင်မျိုးငယ် ၁၂/သဃက(နိုင်)၁၉၀၄၆၃မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဦး ၁၄/ညတန(နိုင်)၀၁၂၃၄၇ မှဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက် (၁၃-၈-၂၀၂၃)ရက်တွင် အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B , Diploma in Business Law(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၄၇၅)၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၉၉၆၁၁၃၀၀**

---

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7M/6882 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

❖ **နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှု ဖြစ်…**

❖ **မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလို…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## AFC Cup အကြိုခြေစစ်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရယူ

ရန်ကုန် ဩဂုတ် ၁၆

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အကြိုခြေစစ်ပွဲအဖြစ် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် DPMM အသင်းတို့ ဩဂုတ် ၁၆ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်တစ်ဆင့် တက်ရောက်သွားသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဘရူနိုင်းကလပ်ကို အိမ်ကွင်းတွင် အနိုင်ယူပြီး ခြေစစ်ပွဲ Play-off အဆင့် တက်ရောက်နိုင်ခဲ့သည်။ ဘရူနိုင်းကလပ် DPMM အသင်းသည် စင်ကာပူလိဂ်တွင်

စာမျက်နှာ ၁၅ ကော်လံ ၅ ●



ရန်ကုန်ယူနိုက်တက်အသင်း အသင်းခေါင်းဆောင် ဒေးဗစ်ထန် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။
ဓာတ်ပုံ-သော်လေး

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ (၂၅)ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❖

## ပူးတွဲအိမ်ရှင် ဩစတြေးလျကို ဂိုးပြတ်အနိုင်ယူပြီး အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲ အင်္ဂလန် တက်လှမ်း



အင်္ဂလန်အသင်းမှ တိုက်စစ်ကစားသမား ရူစ်ဆို ဩစတြေးလျအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်မှ ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ပူးတွဲအိမ်ရှင် ဩစတြေးလျနှင့် နာမည်ကြီး အင်္ဂလန်အသင်းတို့ ပွဲစဉ်တွင် အင်္ဂလန်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

ပရိသတ် ၇၅၀၀၀ ကျော် လာရောက်ကြည့်ခဲ့သည့် အဆိုပါပွဲစဉ်တွင် ဩစတြေးလျအသင်းမှ

စာမျက်နှာ ၁၅ ကော်လံ ၅ ❂

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဩဂုတ် ၁၈ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ယနေ့ သတင်းအညွှန်း

**ဟာဝိုင်ယီ၌ တောမီးလောင်မှုကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိလာပြီဖြစ်ပြီး ဂျပန်မှ အကူအညီ ဒေါ်လာနှစ်သန်း ပေးအပ်မည်**
နိုင်ငံတကာသတင်း စာ ၁၃



**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ**
စီးပွားရေးသတင်းများ စာ ၁၄